မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ တစ်နှစ်တာကာလ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးစဉ်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်ကျင်းပပြီး မြန်မာနိုင်ငံအတွင်း တစ်နှစ်တာကာလ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားများကို တစ်ပြိုင်တည်းပြုလုပ်၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။

ယနေ့ကျရောက်သည့် (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ နံနက် ၁၁ နာရီတွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်ကို ပြုလုပ်ရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၄ ကော်လံ ၁ ✻

ယနေ့ မာတိကာ

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP ၊ DKBA ၊ KNU/KNLA-PC ၊ LDU ၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး စာမျက်နှာ ၃

ဖိလစ်ပိုင်သမ္မတ မားကို့စ် ရာသီဥတုပြောင်းလဲမှုကို ထိန်းသိမ်းရန် ပြည်သူများကို တိုက်တွန်း နိုင်ငံတကာသတင်း ၁၃

အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး စာမျက်နှာ ၁၇

စိုက်ပျိုးမြေအာဟာရဖွံ့ဖြိုးရေး ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ

ယခုနှစ်မိုးစပါးရာသီတွင် စပါးအထွက်တိုးရေးအတွက် မြေဆီလွှာဖွံ့ဖြိုးကောင်းမွန်လာစေရန် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) မြေခံထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။ သစ်စိမ်းမြေဩဇာဆိုသည်မှာ စိုက်ပျိုးမည့်သီးနှံပင်များ အာဟာရ ရရှိနိုင်ရေးအတွက် ပိုက်ဆံလျှော်ပင်၊ ပဲမျိုးရင်းဝင်အပင်များ စသည်တို့ကို စိုက်ပျိုး၍ သစ်စိမ်းမြေဩဇာအဖြစ် ထည့်သွင်းခြင်းဖြစ်သည်။

ပြည်ပမှ ဝယ်ယူတင်သွင်းရသည့် ဓာတ်မြေဩဇာများ ဈေးနှုန်းကြီးမြင့်ခြင်း၊ ရေရှည်တွင် မြေဆီလွှာနှင့်သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေခြင်းတို့ကြောင့် စီးပွားရေးအရလည်း တွက်ခြေကိုက်၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်တို့ကို မထိခိုက်စေဘဲ အကျိုးပြုသော သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းကို တိုက်တွန်းအားပေးလျက်ရှိသည်။ သစ်စိမ်းမြေဩဇာသည် မြေဆီလွှာဖွဲ့စည်းပုံကို ပိုမိုကောင်းမွန်စေသည့်အပြင် မြေဆီလွှာအတွင်း လေအဝင်အထွက်နှင့် ရေထိန်းသိမ်းနိုင်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ မြေဆီလွှာအတွင်း အကျိုးပြု အဏုဇီဝပိုးများကို ပိုမိုတိုးပွားစေသည်။ အပင်အတွက် လိုအပ်သည့် အာဟာရဓာတ်များကို ဖြည့်ဆည်းပေးနိုင်သည်။ အပင်ကြီးထွားမှုကို အားပေးသည့် နိုက်ထရိုဂျင်ဓာတ်ကို ဖြည့်ဆည်းပေးသည့်အပြင် မြေဆီလွှာတိုက်စားခံရမှုကိုလည်း ကာကွယ်ပေးနိုင်သည်။

စိုက်ပျိုးသီးနှံများ အထွက်တိုးရေးအတွက် "မျိုး၊ မြေ၊ ရေ၊ နည်း" ဟူသော အဓိက (၄) ချက်လိုအပ်ရာ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော နွေထယ်ရေးခံခြင်း၊ ထုံး၊ မြေဆွေး၊ သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းခြင်းတို့ကို ဝီရိယစိုက် ဆောင်ရွက်ကြခြင်းဖြင့် သီးနှံအထွက်တိုးရေးကို အကျိုးပြုနိုင်မည်ဖြစ်သည်။ သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုသည့် ပိုက်ဆံလျှော်သည် သီးနှံပင်များအတွက် အာဟာရဓာတ်များစွာ ပါဝင်သော အပင်ဖြစ်ရာ ၎င်း၏ အရွက်သည် နိုက်ထရိုဂျင် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ပိုက်ဆံလျှော်သည် စိုက်ပျိုးရက် ၆၀ မှ ၇၅ ရက်အတွင်း နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ် စသည့် အာဟာရတို့ ပါဝင်မှု အကောင်းဆုံးဖြစ်ပြီး ၎င်းအချိန်တွင် မြေဩဇာအဖြစ် အသုံးပြုရန် အကောင်းဆုံးဟု ဆိုသည်။ မိုးသီးနှံစိုက်ပျိုးရာတွင် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာကို ထယ်မှောက်ပြီး ၁၅ ရက်၊ ဆောင်းသီးနှံစိုက်ပျိုးရာတွင် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာကို ထယ်မှောက်ပြီး တစ်လအကြာတွင် ထွန်မွှေပြီး သီးနှံစိုက်ပျိုးနိုင်ကြောင်း နည်းလမ်းပြထားသည်။ အခြားစိုက်ခင်းများတွင် ပိုက်ဆံလျှော်ကို စိုက်ပျိုးပြီး သီးနှံစိုက်ပျိုးမည့် စိုက်ကွင်းသို့ သယ်ဆောင် ထည့်သွင်းခြင်း၊ ပိုက်ဆံလျှော်ပင်များကို အခြောက်လှန်းထုခြေထုပ်ပိုးသိမ်းဆည်းပြီး မြေဩဇာအဖြစ် အသုံးပြုခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။

ပိုက်ဆံလျှော်သည် မြေချဉ်ငန်ကိန်း ၅ မှ ၈ ဒသမ ၅ ရှိသော မည်သည့်မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်သည်။ ၎င်းအတွက် နုန်းမြေသည် အကောင်းဆုံးဖြစ်သော်လည်း မြေညံ့များ၊ အခြားသီးနှံစိုက်ပျိုးမရသော မြေများတွင်လည်း စိုက်ပျိုးနိုင်သည်။ သစ်စိမ်းမြေဩဇာ အသုံးပြုနိုင်ရန်အတွက် မိုးရာသီတွင် စိုက်ပျိုးကြပြီး ကြဲပက်၍ဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ စိုက်ပျိုးနိုင်သည်။ မျိုးစေ့နှုန်းထားတစ်ဧကလျှင် ပေါင် ၄၀ မှ ၆၀ ခန့်အထိ အသုံးပြုရမည်ဖြစ်ကြောင်း ပညာရှင်များက အကြံပြုထားသည်။

နိုင်ငံ့စားရေရိက္ခာဖူလုံပိုလျှံရေး၊ ပြည်ပသို့ ပိုမိုတင်ပို့ ရောင်းချနိုင်ရေးတို့အတွက် ဆန်စပါးပိုမိုစိုက်ပျိုးထုတ်လုပ်ကြရာတွင် မြေဆီလွှာကောင်းမွန်ရေးကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာသည် မြေဆီလွှာတွင် သီးနှံများအတွက် အာဟာရဓာတ်များ ကြွယ်ဝစေခြင်း၊ ရောဂါပိုးမွှားကာကွယ်နိုင်ခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချနိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာစေခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေခြင်း စသည့်ကောင်းကျိုးအဖြာဖြာနှင့် ပြည့်စုံစေနိုင်သည့်အလျောက် တောင်သူတိုင်းက ပိုမိုစိုက်ပျိုးသုံးစွဲနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၉ /၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်သင်းသင်းချိုအား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၆

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

သံအမတ်ကြီး ဦးမြတ်သက်ဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၆

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြတ်သက်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့ရှိ သမ္မတနန်းတော်၌ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ သောင်းလွန်းစီဆိုလစ်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပ

ရန်ကုန် ဇွန် ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များကို ယနေ့ နံနက် ၁၀ နာရီတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အမှာစကားပြောကြားပြီး အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးမောင်မောင်က မှာတာစကား ပြောကြားသည်။

ဆက်လက်၍ တရားလွှတ်တော်ရှေ့နေ ဦးထင်ဇော်လတ်က မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာ ဆွေးနွေးဟောပြောသည်။

ယင်းနောက် ဟာသသရုပ်ဆောင် ဒွဲဒိုးနှင့် အနုပညာရှင်များက မူးယစ်ဆေးဝါး ပညာပေး သံချပ်၊ အက၊ တေးသီချင်းများ၊ မျက်လှည့်နှင့် ပြဇာတ်တိုများဖြင့် သီဆိုဖျော်ဖြေကြရာ ကျောင်းသားကျောင်းသူများက ပျော်ရွှင်စွာ အားပေးကြသည်။

ထို့နောက် အလုံမြို့နယ်ဒုတိယမြို့နယ် ပညာရေးမှူး ဦးအောင်နိုင်ဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနား တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုကြပြီး(ဓါတ်ပုံ) ကျောင်းသားများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၃ /၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်–

စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့
ဝဏ္ဏကျော်ထင်ဘွဲ့

၁။ H.E. Dr Nikolay LISTOPADOV	မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ် အား စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်အပ်နှင်း

နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်သည် မြန်မာနိုင်ငံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးတွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ်အောက်တိုဘာလတွင် စတင်ပေးအပ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်သည် မြန်မာဘာသာစကားကို ကျွမ်းကျင်စွာပြောနိုင်၊ ရေးနိုင်သူ တစ်ဦးလည်းဖြစ်ပြီး ရုရှားဖက်ဒရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ချိန်မှစ၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးဖြစ်သည်အထိ မြန်မာ–ရုရှား နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့ခြင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်အောင် တည်ဆောက်ပေးနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအစိုးရအဆက်ဆက်နှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံတွင် သံတမန်အဖွဲ့နာယကတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်း၊ ဗုဒ္ဓစာပေများကို ရုရှားဘာသာဖြင့်ရေးသား၍ ပြန့်ပွားအောင်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင်လည်း မြန်မာ–ရုရှား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုနီးကပ်ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သူဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်အား စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှုတ်ခွန်းဆက် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ် ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA–PC၊ LDU၊ PNLO) တို့၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA၊ KNU/ KNLA–PC၊ LDU၊ PNLO အဖွဲ့တို့မှ ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီအစဉ်၊ အကြောင်းအရာများကို ဆွေးနွေး

ညှိနှိုင်းကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့် ဆွေးနွေးပွဲအစီအစဉ်များအတိုင်း တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)မှ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ခုနှစ်)မှ ပြင်ဆင်လိုသောအချက်များ၊ ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့် အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲဒုတိယနေ့ကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

✻ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၄၇၅ ဒသမ ၈၈၅ ကီလိုကျော်၊ ဘိန်းဖြူ ၅၆၂ ဒသမ ၈၀၉ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၃ သန်းကျော်၊ အိုက်စ် ၄၇၉၃ ဒသမ ၃၀၈ ကီလိုကျော်၊ ကက်တမင်း ၈၀၅ ဒသမ ၃၅၉ ကီလိုကျော်၊ ဆေးခြောက် ၁၈၀ ဒသမ ၈၇၆ ကီလိုကျော်၊ ဘိန်းညိုမှုန့် ၃၀၇ ဒသမ ၃၁၅ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၃ မျိုးနှင့် ဓာတုပစ္စည်း ၅၂ မျိုး၊ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၃၅၅ ဒသမ ၂၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၁၇၅ သန်း) ကို ဖျက်ဆီးခဲ့သည်။

လှည့်လည်ကြည့်ရှု

ထို့ပြင် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကိုကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ဒဂုံရောကုန်တင်ယာဉ်ရပ်နားကွင်း၌ နံနက် ၈ နာရီတွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲအဖွဲ့ (AFP)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး တို့ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဧည့်သည်တော်များမှ မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို လိုက်လံကြည့်ရှုခြင်းတို့ ပြုလုပ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ ဖမ်းဆီးရမိသော ဘိန်း ၁၇၆ ဒသမ ၂၃၂ ကီလိုကျော်၊ ဘိန်းဖြူ ၉၂ ဒသမ ၅၂၁ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ သန်းကျော်၊ အိုက်စ် ၁၂၇၄၈ ဒသမ ၃၀၅ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ဒသမ ၈၃၈ ကီလိုကျော်၊ ကက်တမင်း ၄၁၆၃ ဒသမ ၁၃၂ ကီလိုကျော်၊ ဆေးခြောက် ၃၈၅ ဒသမ ၈၇၇ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးအမျိုး ၂၀ နှင့် ဓာတုပစ္စည်း ၁၆ မျိုး၊ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၃၆ ဒသမ ၄၅၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၈၃၆၄ သန်းကျော်)ကို ဖျက်ဆီးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို နံနက် ၁၀ နာရီတွင် ပြုလုပ်ခဲ့ပြီး စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။

မန္တလေးမြို့တွင်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည် (တောင်)ရပ်ကွက်ရှိ လေယာဉ်ကွင်းဟောင်း၌ နံနက် ၈ နာရီခွဲတွင် ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ တရုတ်ကောင်စစ်

ယခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်များကို တောင်ကြီးမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဘိန်း ၁၁၃၀ ဒသမ ၁၄၉ ကီလိုကျော်၊ ဘိန်းဖြူ ၁၂၆၅ ဒသမ ၇၇၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ သန်းကျော်၊ အိုက်စ် ၂၁၀၆၉ ဒသမ ၃၆၇ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ဒသမ ၈၃၈ ကီလိုကျော်၊ ဆေးခြောက် ၈၄၁ ဒသမ ၅၄၁ ကီလိုကျော်၊ ကက်တမင်း ၄၉၉၁ ဒသမ ၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၃၀၇ ဒသမ ၃၁၅ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၁၀၈ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၉၃၆ ဒသမ ၇၂၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၀၅၈ သန်း) တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်

ဝန်ချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် သူနာပြုတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင်

စာမျက်နှာ ၅ သို့

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတု ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံစဉ် IOM အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကဏ္ဍတွင် မြန်မာနိုင်ငံရှိပြည်သူများကို အကူအညီများ ပေးအပ်လျက်ရှိသည့် အခြေအနေ၊ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော IOM ၏ လုပ်ငန်းများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ IOM ဘက်မှ IOM ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုမူဝါဒထောက်ပံ့ရေးအရာရှိ Mr. Chaoqian Xiong တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော်၌ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆုချီးမြှင့်

နေပြည်တော် ဇွန် ၂၆

၂၀၂၃ ခုနှစ် (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန MICC-2 ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ပရဟိတအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ ဗဟိုအဆင့်တွင် ဆုရရှိသူများနှင့် တိုင်းအဆင့်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များ၊ ဆုရကျောင်းသား ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အဖွင့်အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေနှင့်သာ ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမျိုး မဟုတ်ဘဲ နိုင်ငံတိုင်းသာမက တစ်ကမ္ဘာလုံးပါသက်ဆိုင်ပြီး လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင် ဖြေရှင်းနေရသည့် ပြဿနာဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်၏ ဦးတည်ချက်နှင့် ပတ်သက်ပြီး ကုလသမဂ္ဂ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်သည် "ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကာကွယ်ရေးကို အလေးပေး၊ လူသားအားလုံး ကျန်းမာရေး "(People First: stop stigma and discrimination, strengthen prevention) ဆိုသည့်အတိုင်း လူသားအချင်းချင်း ခွဲခြားနှိမ့်ချမှု မရှိစေရေး၊ လူသားအားလုံး ကျန်းမာရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ မူးယစ်ဆေးဝါး သုံးစွဲသူများ၏ ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး စသည်များကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ လူငယ်များ၏ဘဝ၊ လူသားအားလုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးဆိုသည့် အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်စေရန် ပြည်သူလူထုတစ်ရပ်လုံး ညီညွတ်စွာ ပူးပေါင်းပါဝင်ပြီး ကာကွယ်တွန်းလှန် ဖြိုဖျက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါး ကင်းစင်သည့် နိုင်ငံ DRUG FREE NATION ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသလို မိမိတို့အနေဖြင့်လည်း နေပြည်တော်ကို မူးယစ်ဆေးဝါးကင်းမဲ့သည့်ဒေသ DRUG FREE REGION ဖြစ်လာစေရေး ဝိုင်းဝန်းကာကွယ်ကြရန် လိုအပ်ပါကြောင်း၊ လူသားများအားလုံး၏ ဘဝပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ပြီး ကျန်းမာပျော်ရွှင်သည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန် ပြည်သူလူထု တစ်ရပ်လုံးက လက်တွဲညီညီ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး(ဝဲပုံ) မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တက်ရောက်လာကြသည့် ဗဟိုအဆင့်တွင် ဆုရရှိသူများနှင့် တိုင်းအဆင့်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များ၊ ဆုရကျောင်းသား ကျောင်းသူများ၏ မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ထံမှပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဖတ်ကြားသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နေပြည်တော်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)

စာမျက်နှာ ၄ မှ

ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီး အဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၊ အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၄၇၈ ဒသမ ၀၃၁ ကီလိုကျော်၊ ဘိန်းဖြူ ၆၁၀ ဒသမ ၄၄၅ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သန်းကျော်၊ အိုက်စ် ၃၅၂၇ ဒသမ ၇၅၄ ကီလိုကျော်၊ ကက်တမင်း ၂၂ ဒသမ ၆၇၃ ကီလိုကျော်၊ ဆေးခြောက် ၂၇၄ ဒသမ ၇၈၇ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၉ မျိုးနှင့် ဓာတုပစ္စည်း ၁၅ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၄၄ ဒသမ ၉၉၈ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၆၉ ဒသမ ၀၄၆၇ သန်း) ကို ဖျက်ဆီးခဲ့သည်။

ယခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်များကို တောင်ကြီးမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဘိန်း ၁၁၃၀ ဒသမ ၁၄၉ ကီလိုကျော်၊ ဘိန်းဖြူ ၁၂၆၅ ဒသမ ၇၇၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ သန်းကျော်၊ အိုက်စ် ၂၁၀၆၉ ဒသမ ၃၆၇ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ဒသမ ၈၃၈ ကီလိုကျော်၊ ဆေးခြောက် ၈၄၁ ဒသမ ၅၄၁ ကီလိုကျော်၊ ကက်တမင်း ၄၉၉၁ ဒသမ ၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၃၀၇ ဒသမ ၃၁၅ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၁၀၈ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၉၃၆ ဒသမ ၇၂၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၀၅၈ သန်း) တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြားဖမ်းဆီးရမိဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ရိုးရိုးအောင် ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများကိုလည်း ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် သုံးဦးတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲက နှစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က တစ်ဘာသာဂုဏ်ထူးရှင်လေးဦးတို့ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ရိုးရိုးအောင်မြင်သည့် ကျောင်းသား ကျောင်းသူ ၃၀ တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်သုထက်က ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၏ ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၄၂၈၁၀၀၀ ကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၄၄ ဦးအနက် ရိုးရိုးအောင်မြင်သူ ၃၀ အတွက် တစ်ဦးလျှင် ကျပ်ငါးသောင်း၊ ဂုဏ်ထူးတစ်ခုလျှင် တစ်ဘာသာ ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ထူးရရှိသူ ၁၄ ဦးအတွက် ချီးမြှင့် ငွေကျပ် ၄၇၀၀၀၀၀ ကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး စုစုပေါင်း ထောက်ပံ့ချီးမြှင့်ငွေကျပ် ၁၈၉၈၁၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ် ထည့်သွင်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၆

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ်ထည့်သွင်းခြင်း အခမ်းအနားကို သန်လျင်တပ်နယ် အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ဇွန် ၂၄ ရက်က ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် အုန်းပင်၊ အုန်းမွှေးပင်၊ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင် စုစုပေါင်းသစ်ပင် ၁၅၀၅ ပင်ကို စိုက်ပျိုးခဲ့ကြပြီး ငါးမျိုးစိတ်ထည့်သွင်းခြင်းအနေဖြင့် တီလားဗီးယားငါးသားပေါက် အကောင်ရေ ၁၁၀၀၀ နှင့် ငါးပြေမငါးသားပေါက်အကောင်ရေ ၁၅၀၀၀ ထည့်သွင်းခဲ့ကြောင်း သိရသည်။ (အောက်ပုံ) **သတင်းစဉ်**

သံတွဲမြို့၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

သံတွဲ ဇွန် ၂၅

ရခိုင်ပြည်နယ် သံတွဲမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ပဒဲကောကျေးရွာအုပ်ရှိ သံတွဲခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပရာ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် ဗိုလ်ချုပ်စိုးနိုင်ဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်သန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး တာဝန်ရှိသူများက ပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်စိုးနိုင်ဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်သန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက စုစုပေါင်း အပင် ၁၀၂၀တို့ကို စုပေါင်း စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) **ခရိုင်(ပြန်/ဆက်)**

မိုးညှင်းမြို့နယ် နန့်မွန်းနှစ်ခြင်း IDP စခန်းပိတ်သိမ်း

နေပြည်တော် ဇွန် ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းမြို့ရှိ နန့်မွန်းနှစ်ခြင်း IDP စခန်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများသည် ၎င်းတို့၏ မူလနေရပ်သို့ ပြောင်းရွှေ့သွားသဖြင့် ဇွန် ၂၂ ရက်တွင် စခန်းပိတ်သိမ်းပြီး ဖြစ်သည်။

အဆိုပါ နန့်မွန်းနှစ်ခြင်း IDP စခန်းရှိ အိမ်ထောင်စု ၂၅ စုအနက် အိမ်ထောင်စု ခုနစ်စုသည် ၎င်းတို့၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော မိုးညှင်းမြို့ အောင်သပြေရပ်ကွက်သို့ လည်းကောင်း၊ အိမ်ထောင်စု ငါးစုသည် ၎င်းတို့၏ မိဘဆွေမျိုးနေအိမ်များသို့လည်းကောင်း၊ အိမ်ထောင်စု တစ်စုသည် ၎င်းတို့၏ နေရပ်ဖြစ်သော မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့ လွဲမွန်ကျေးရွာအုပ်စု နန့်ပတဲကျေးရွာသို့ လည်းကောင်း၊ အိမ်ထောင်စု ၁၂စုသည်၎င်းတို့၏ဆွေမျိုးနေအိမ်များသို့လည်းကောင်း မိမိတို့၏ အစီအစဉ်ဖြင့် အသီးသီးပြောင်းရွှေ့သွားကြောင်း သိရသည်။

ဇော်ဝင်းထွန်း

အုတ်တွင်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက်က ပေါက်တောကျေးရွာအုပ်စု ရေသိုးဆည်အနီး၌ ကျင်းပရာ အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်ရဲကျော်ကျော်နှင့် တပ်ရင်းတပ်ဖွဲ့ဝင် များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး စုစုပေါင်း ပျိုးပင် ၆၀၀ ကို စိုက်ပျိုးစဉ်။

ကိုမင်း(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့ဝင်များ စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းပေး

စစ်တွေ ဇွန် ၂၆

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နန္ဒဝန်ဥယျာဉ်အတွင်း သစ်ပင်များ ဖယ်ရှားရှင်းလင်းနေမှု၊ ကျောက်တန်းတံတားရှိ ကြမ်းခင်း ပျက်စီးနေမှု၊ ကျောက်တန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျားမသောက် ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၊ အမှတ် (၈၁) အခြေခံပညာမူလတန်းကျောင်းနှင့် တပ်နယ် အခြေခံပညာမူလတန်းကျောင်း၊ နယ်မြေခံ တပ်နယ်ရှိ ဧက ၄၀ မျိုးစပါးစမ်းသပ်ကွက်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်)၌ အသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူညီကယ်ဆယ်ရေးအဖွဲ့များက စစ်တွေမြို့ နန္ဒဝန်ဥယျာဉ် အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် သစ်ပင်များ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးပြီး မိုးရာသီကာလ သစ်ပင်များ စနစ်တကျ ရှင်သန်ကြီးထွားအောင် ပြန်လည်စိုက်ပျိုးရန်နှင့် ပြည်သူများ အပန်းဖြေနိုင်ရေးအတွက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေ - အမ်း - ရန်ကုန် ကားလမ်း မိုင်တိုင် ၁၉၀ ကျောက်တန်းတံတားရှိ ကြမ်းခင်း အရှည် ပေ ၁၂၀၊ အကျယ် ၃၂ ပေ ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျပြန်လည်ပြုပြင် တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျားမသောက်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၈၁) အခြေခံပညာမူလတန်းကျောင်းနှင့် တပ်နယ်အခြေခံပညာမူလတန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုများနှင့် ဆက်လက်ပြုပြင်သွားမည့်အစီအမံများကို လိုက်လံကြည့်ရှု မေးမြန်းပြီး သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်မြေခံတပ်နယ်ရှိ ဧက ၄၀ မျိုးစပါးစမ်းသပ်ကွက်များဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းသော စပါးစိုက်ပျိုးရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်က အကောင်အထည်ဖော်ဆောင်ရွက်သည့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသ ပဲနို့အာဟာရတိုက်ကျွေးရေးစီမံချက်အရ စစ်တွေမြို့ ဘောက်သီးစုရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူကလေးငယ် ၃၇၅ ဦးအား ပဲနို့တိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်)၌ အသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် အသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက အသင်းဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ အသင်းစုနှင့် အခြေခံအသင်းများ၏ ရင်းနှီးထည့်ဝင်ငွေများ၊ လုပ်ငန်းခွဲ လုပ်ငန်းစုများအလိုက် ဆောင်ရွက်နေမှုများနှင့် အသင်းသူအသင်းသားများ၏ အကျိုးအတွက် လူမှုစီးပွားရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဒေသနှင့်ကိုက်ညီပြီး သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့နှင့် မြေပုံမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ ပြင်ဆင်ရန်ကျန်ရှိသည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း - ရသေ့တောင် ဓာတ်အားလိုင်းပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း ၅၆ ရာခိုင်နှုန်းခန့်၊ ၆၆ ကေဗွီ ရသေ့တောင် - ဘူးသီးတောင် ဓာတ်အားလိုင်း ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း ၅၄ ရာခိုင်နှုန်းခန့် ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးဖြစ်ပြီး ကျေးရွာဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်မှုအနေဖြင့် ဆောင်ရွက်ရမည့်ကျေးရွာစုစုပေါင်း ၃၂၇ ရွာ ရှိသည့်အနက် ဆောင်ရွက်ပြီးကျေးရွာ ၇၁ ရွာ၊ ဆောင်ရွက်ဆဲကျေးရွာ ၅၄ ရွာဖြစ်ပြီး စုစုပေါင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၄၇ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့ဝင်များ စစ်တွေ-အမ်း-ရန်ကုန်ကားလမ်းပေါ်ရှိ ကျောက်တန်းတံတား ကြမ်းခင်းပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့ဝင်များ ကျောက်တန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့ဝင်များ ကျားမသောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

သဲကုန်းမြို့နယ်၌ နေဗီယာမြက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

သဲကုန်း ဇွန် ၂၆

သဲကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ နေဗီယာမြက်စိုက်ပျိုးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဘွတ်တော်အုပ်စု ကျားတက်ကျေးရွာ တောင်သူ ဦးငွေနိုင်ဝင်း၏ စိုက်ပျိုးမြေ တစ်ဧက၌ စိုက်ပျိုးကြသည်။

အဆိုပါ နေဗီယာမြက်စိုက်ပျိုးခြင်းကို သဲကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ၏ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်၊ တိရစ္ဆာန်အစာဈေးနှုန်း သက်သာစေရန်၊ အစာအာဟာရ ပိုမိုဖွံ့ဖြိုးစေရန်၊ လွတ်ကျောင်းစနစ်မှ ခြံလှောင်အစာကျွေးစနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ အစာရှားပါးချိန်တွင် အာဟာရ ကြွယ်ဝသော အစာအဖြစ် ကျွေးမွေးနိုင်ရန် ရည်ရွယ်၍ သဲကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများက တိရစ္ဆာန်အစာပင်နေဗီယာမြက်များ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါင်းတည်မြို့နယ်၌ တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှုအား ကြည့်ရှု

ပေါင်းတည် ဇွန် ၂၆

ပေါင်းတည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက ပေါင်းတည်မြို့နယ် မြေနံ့သာကျေးရွာရှိ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ခင်းသို့ သွားရောက် ကြည့်ရှုအားပေးသည်။

အဆိုပါ စိုက်ခင်းသည် မြေနံ့သာကျေးရွာရှိ ပိုင်ရှင် ဦးအောင်ဝင်း၏ ခြံမြေ တစ်ဧကတွင် စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ဇွန် ၂၀ ရက်က စတင်စိုက်ပျိုးထားခြင်း ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသ ရေးဦးစီးမှူး ဒေါက်တာ သင်းသင်းခိုင်က ပြောသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များနှင့်အတူ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး၊ ဆည်မြောင်းဦးစီးမှူးနှင့် စက်မှုလယ်ယာဦးစီးဌာန တာဝန်ခံအရာရှိတို့က စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သူရကြီး(ပြန်/ဆက်)**

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၆

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ပဉ္စမနေ့ အုပ်စုပွဲစဉ်များအဖြစ် ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

နံနက်ပိုင်းတွင် အုပ်စု(က)ပွဲစဉ်အဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(က)အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (က) အသင်းက နှစ်ဂိုး–ဂိုး မရှိဖြင့် အနိုင်ရရှိသွားသည်။

ညနေပိုင်းတွင် အုပ်စု(ခ)ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက တစ်ဂိုး–ဂိုး မရှိဖြင့် အနိုင်ရရှိသည်။

ယနေ့ယှဉ်ပြိုင်ကစားကြသည့် အုပ်စုပွဲစဉ်များသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် အုပ်စု(ဂ)မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (ခ)အသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ ညနေပိုင်းတွင် အုပ်စု(က)မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌လည်းကောင်း၊ အုပ်စု(ဂ)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန (က) အသင်းနှင့် ပညာရေးဝန်ကြီးဌာန (ခ)အသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၁) ၌ လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးသန့်စင် တီတွတ်ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံနှင့် အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၏ တီတွတ်ပိုက်လိုင်း အခြေစိုက်စခန်းနှင့် တီတွတ်ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)တို့ကို ဇွန် ၂၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တီတွတ်ပိုက်လိုင်း အခြေစိုက်စခန်းနှင့် တီတွတ်ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) အတွက် လိုအပ်သော သဘာဝဓာတ်ငွေ့များကို ပို့လွှတ်ပေးနိုင်ရန် မကွေး–တီတွတ်–ကျော်စွာ ပိုက်လိုင်းနှင့် ဖိအားမြှင့်စက်အား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျော်စွာစက်ရုံသို့ သဘာဝဓာတ်ငွေ့များကို သတ်မှတ်ဖိအားအတိုင်း စဉ်ဆက်မပြတ်ပုံမှန်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပိုက်လိုင်းနှင့် ဖိအားမြှင့်စက်များ စစ်ဆေးပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရေးဆွဲထားသည့် စီမံချက်ပါအတိုင်း အလေးထားဆောင်ရွက်ကြစေ လိုကြောင်း မှာကြားပြီး အရာထမ်း၊ အမှုထမ်းများကို အမှတ်တရသစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများပေးအပ်ကာ ပိုက်လိုင်းအခြေစိုက်စခန်းနှင့် ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (ဝဲပုံ)

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)သို့ ရောက်ရှိပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ရေး စက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စက်စတင် စမ်းသပ်လည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ စက်ရုံမှူးက စက်ရုံ၏လည်ပတ်ထုတ်လုပ်နိုင်ခဲ့မှု၊ ပြန်လည်လည်ပတ်နိုင်ရေးလုပ်ငန်းစဉ်များတွင် စက်ရုံပြုပြင်ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ယူရီးယား ဓာတ်မြေသြဇာများ ထုတ်လုပ်ရန်အတွက် အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)ကို ပြန်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ မကြာမီ ယူရီးယား ဓာတ်မြေသြဇာများ ပြန်လည်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ဓာတ်မြေသြဇာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်လျှင် ပြည်ပမှ ဓာတ်မြေသြဇာတင်သွင်းမှု လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေမည်ဖြစ်ကြောင်း မှာကြားပြီး စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများကို အမှတ်တရသစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များအလိုက် ဒေသထုတ်ကုန်များ (MSMEs) ကုန်စည်ပြပွဲနှင့် မိုးရာသီအထူးဈေးရောင်းပွဲတော်ကို ဇွန် ၂၆ ရက်က သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မြို့ပေါ် အထကကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

အောင်ဝင်းနိုင်(ဖျာပုံခရိုင်ပြန်/ဆက်)

မော်လိုက်မြို့၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

မော်လိုက် ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း စုံညီခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရကျောင်းသားများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယရဲမှူးကြီး ဝင်းနိုင်မော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး **(ယာပုံ)** ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၆ – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၆ ဒသမ ၅၃ လက်မ၊ လှည်းကူးမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၄ ဒသမ ၁၇ လက်မ၊ ဘားအံမြို့နှင့် ဘီးလင်းမြို့တို့တွင် ၃ ဒသမ ၉၀ လက်မစီ၊ မုဒုံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၃ ဒသမ ၃၄ လက်မ၊ ဝမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၉၅ လက်မနှင့် လပွတ္တာမြို့တွင် ၂ ဒသမ ၉၁ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

ဘွိုင်လာစစ်ဆေးရေးမှူးများသည် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းမှ ပို့ချပေးသည့်ဘာသာရပ်များကို ကြိုးစားလေ့လာသင်ယူကြရမည်

နေပြည်တော် ဇွန် ၂၆

စွမ်းဆောင်ရည်မြင့်မားသော ဘွိုင်လာစစ်ဆေးရေးမှူးများဖြစ်လာစေရန်၊ ဘွိုင်လာဥပဒေနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာရှိ ဘွိုင်လာနှင့်ပတ်သက်သည့် စံများကို သိရှိနားလည်စေရန်၊ ဘွိုင်လာဆိုင်ရာ နည်းပညာများကို သိရှိနားလည်လာစေရန်၊ လုပ်ငန်းကျွမ်းကျင်သော ဘွိုင်လာ စစ်ဆေးရေးမှူးများ တိုးပွားလာသည်နှင့်အမျှ စက်မှုလုပ်ငန်းများတွင် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ဘွိုင်လာများကို စွမ်းဆောင်ရည်ပြည့် သုံးစွဲနိုင်စေရန် ရည်ရွယ်၍ ဘွိုင်လာစစ်ဆေးရေးမှူးများ သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ပြုလုပ်သည်။

ဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်တောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဂဟေအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ ဒုတိယဥက္ကဋ္ဌများ၊ ဘွိုင်လာကျွမ်းကျင်ပညာရှင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်တောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဘွိုင်လာသည် ပေါက်ကွဲစေတတ်သည့် စက်ပစ္စည်း အမျိုးအစားဖြစ်ပြီး အန္တရာယ်ဖြစ်နိုင်သည့်အတွက် ဘွိုင်လာစစ်ဆေးရေးမှူးများသည် စစ်ဆေးခြင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း (Inspection Service) နှင့် စစ်ဆေးခြင်း အတွေ့အကြုံ (Inspection Experience) တို့ ပြည့်စုံကျွမ်းကျင်မှသာ ဘွိုင်လာများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အသုံးပြုနိုင်အောင် စစ်ဆေးဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အလေးထား လေ့လာမှတ်သားကြရမည်ဖြစ်ကြောင်း၊ ဘွိုင်လာစစ်ဆေးရေးမှူးများသည် ဘေးအန္တရာယ်ကင်းရှင်းရေးသာမက နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သင်တန်းမှ ပို့ချပေးသည့် ဘာသာရပ်များကို စိတ်ဝင်တစားဖြင့် ကြိုးစားလေ့လာသင်ယူကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘွိုင်လာစစ်ဆေးရေးလုပ်ငန်းနှင့် ပတ်သက်သည့် ကိုးကားစာအုပ်များ၊ သင်တန်းဆိုင်ရာအထောက်အကူပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဘွိုင်လာစစ်ဆေးရေးမှူးများ သင်တန်းအမှတ်စဉ် (၁/၂၀၂၃)ကို ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ စက်မှုဝန်ကြီးဌာန၊ ဘွိုင်လာစစ်ဆေးရေးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် စက်မှုအင်ဂျင်နီယာဘွဲ့ရ အရာထမ်းသစ် ၁၀ ဦးနှင့် ဘွိုင်လာစစ်ဆေးရေးမှူး ၄ ဦး စုစုပေါင်း သင်တန်းသား ၁၄ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

(၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇွန် ၂၆

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (23rd ASEAN Senior Officials Meeting on Transnational Crime and Its Related Meetings) ကို အင်ဒိုနီးရှားနိုင်ငံ ယော့ဂျကာတာ (Yogyakarta) မြို့ Royal Ambarrukmo Hotel ၌ ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသည်။

အစည်းအဝေးများသို့အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် လေ့လာသူတီမောလက်စ်တေနိုင်ငံ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်နှင့် အမေရိကန်စသည့် နိုင်ငံ ကိုးနိုင်ငံတို့မှ အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ SOMTC ခေါင်းဆောင်များ ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် ကိုယ်စားလှယ် ငါးဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

အာဆီယံနိုင်ငံ ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး SOMTC ခေါင်းဆောင်များ၏ (၂၃) ကြိမ်မြောက်စုံညီအစည်းအဝေးကို ဇွန် ၂၀ ရက်မှ ၂၁ ရက်အထိ ယော့ဂျကာတာမြို့ရှိ Royal Ambarrukmo Hotel ၌ ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ မှုခင်းစုံစမ်းစစ်ဆေးရေး ဌာနအကြီးအကဲ H.E. Police Commissioner General Agus Andrianto က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ ၁၀ နိုင်ငံနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုခင်းများ၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်းများ တိုးတက်ဖြစ်ပေါ်လာမှုနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး မြန်မာ SOMTC ခေါင်းဆောင် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင်က အကြမ်းဖက်အုပ်စုများ၏ သတင်းမှားများ ထုတ်ပြန်မှု၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်မှုနှင့် စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရရုံး၊ အဆောက်အဦးများကို ဖုံးခွဲ၊ အကြမ်းဖက်တိုက်ခိုက်မှု အခြေအနေ၊ ဥပဒေနှင့်အညီ တားဆီးနှိမ်နင်းရေးဆောင်ရွက်မှု၊ မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်ညာမှုနှင့် လူကုန်ကူးမှုခင်းများ တိုက်ဖျက်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ ဆက်လက်ကျင်းပရာ ဇွန် ၂၂ ရက်က ကျင်းပသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံ ပူးပေါင်းဆောင်ရွက်မှု (20th SOMTC + China Consultation) အစည်းအဝေးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. NIU Haifeng တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် သမားရိုးကျ မဟုတ်သော လုံခြုံရေးဆိုင်ရာ ပြဿနာများ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာ (၂၀၁၇-၂၀၂၃) နှင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) တို့အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ (၂၀၂၄-၂၀၂၈) တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် အသစ်ရေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခြင်းနှင့် လုပ်ငန်းလမ်းညွှန်ချက် တစ်ခုကို အတည်ပြုခဲ့ပြီး မူကြမ်း ငါးခုကို ဩဂုတ်လအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဆက်လက်တင်ပြသွားရန် သဘောတူညီခဲ့ကြသည်။

ထို့နောက် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဂျပန်၊ ကိုရီးယား၊ (တရုတ်၊ဂျပန်၊ ကိုရီးယား) သုံးနိုင်ငံ ပူးပေါင်းမှု၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် သီးခြားစီဆွေးနွေးမှုများကို အလှည့်ကျ အာဆီယံနိုင်ငံ SOMTC ခေါင်းဆောင်များက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်၍ ဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းစီမံချက် လေးခုကို အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုများ ထိန်းချုပ်ရေးတို့ကို တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်ညာမှု၊ အွန်လိုင်းလောင်းကစား မှုခင်းများနှင့်ပတ်သက်၍ ထိရောက်စွာ တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးနိုင်ခဲ့သည်။

ထို့ပြင် 23rd SOMTC နှင့် ဆက်စပ် အစည်းအဝေးများ တက်ရောက်စဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ ထိုင်းတော်ဝင်ရဲအဖွဲ့ ဒုတိယရဲချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ မှုခင်းစုံစမ်းစစ်ဆေးရေး ရဲဌာနအကြီးအကဲတို့နှင့် သီးခြားတွေ့ဆုံ၍ အွန်လိုင်းလိမ်ညာမှုနှင့် လောင်းကစားမှုများ တိုက်ဖျက်ရေး၊ ရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ယော့ဂျကာတာမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

တတိယမြောက် နိုင်ပွဲရရှိခဲ့သည်။ GFA အသင်းမှာမူ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ပြီး ဇယားအောက်ပိုင်းမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း ဂိုးသွင်းခွင့်များ အသုံးချနိုင်သည့် ရခိုင်ယူနိုက်တက်အသင်းက ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ပွဲအစ လေးမိနစ်တွင် ထရာအိုရေးက သွင်းယူခဲ့သည်။ ၂၆ မိနစ်တွင် GFA အသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးရသော်လည်း ချမ်းငြိမ်း၏ကန်ချက် ဘားထိထွက်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ၃၂ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်း ဒုတိယဂိုးရခဲ့ပြီး စိုးမင်းအောင်က အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၁၀ ပွဲကစား ရမှတ် ၁၂ မှတ်၊ GFA အသင်းက ၁၀ ပွဲကစား ရမှတ် ခုနစ်မှတ် ရရှိထားသည်။

ပွဲစဉ် (၁၀) ဒုတိယနေ့အဖြစ် ဇွန် ၂၇ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရောဝတီအသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားခရီးသွားဧည့်သည်များအတွက် အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များ ရှာဖွေခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲသို့ အွန်လိုင်းမှ တက်ရောက်

နေပြည်တော် ဇွန် ၂၆

ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ခရီးသွားများ လာရောက်လည်ပတ်မှုတိုးမြှင့်လာရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍအလားအလာများကို ရုရှားခရီးသွား အော်ပရေတာများနှင့် ခရီးသွားများသို့ မိတ်ဆက်ပြသနိုင်ရေး၊ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အတွေ့အကြုံများ မျှဝေရေးနှင့် ရုရှားခရီးသွားများကို ဆွဲဆောင်နိုင်ရေးတို့အတွက် ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ဦးဆောင်၍ ရုရှားခရီးသွားဧည့်သည်များအတွက် အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များ ရှာဖွေခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အွန်လိုင်းမှ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် နှစ်နိုင်ငံရှိ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ RC- investments တို့မှ တာဝန်ရှိသူများ၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) နှင့် အူရယ်လ်လေကြောင်းလိုင်းမှ (URAL Airline) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးမစ္စတာ မက်ဇင်ရီရှတ်လ်နီကော့ဗ်က ဗီဒီယိုမက်ဆေ့ချ်ဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ရန် "Welcome Russia" program in Myanmar အစီအစဉ်ကို ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်းနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံမှ ခရီးသွားအေဂျင်စီများ၊ သတင်းမီဒီယာများနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများပါဝင်သော ရင်းနှီးကျွမ်းဝင်သည့် ခရီးစဉ် (Familiarization Trip–FAM)ကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာခရီးသွားဧည့်သည် ရောက်ရှိမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၀ ဒသမ ၂၃၃ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ရုရှားခရီးသွားဧည့်သည်များလည်း ပါဝင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် မေလအထိ ဝင်ရောက်မှုအနေဖြင့် ၄ သိန်းကျော်ရှိနေပြီး တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ဗီယက်နမ်၊ အမေရိကန်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်ဝမ်တို့မှ အများဆုံးဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးမဟာဗျူဟာကို ပြည်တွင်းခရီးသွားလုပ်ငန်းနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းဟူ၍ အပိုင်း (၂) ပိုင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပုဂ္ဂလိကကဏ္ဍဟူသော အဆင့် (၃) ဆင့်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ရုရှားဘာသာဖြင့် ဖော်ပြထားသော မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ပါဝင်သော ဗီဒီယိုဖိုင်ကိုပြသပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌတို့က ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ခရီးစဉ်ဒေသများအကြောင်း၊ tour package အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူးက "Welcome Russia" program in Myanmar အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံမှ တက်ရောက်လာကြသူများက လေကြောင်းလိုင်းပြေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

“လူငယ်နှင့်အဂတိ” လူငယ်စကားဝိုင်း ကျင်းပ

နေပြည်တော် ဇွန် ၂၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်စကားဝိုင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင်၊ ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်ရုံး၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ စကားဝိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင်က အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်တွင် လူကြီးများဖြစ်လာမည့်အတွက် ယခုကစ၍ ပညာအခြေခံကောင်းပြီး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားတတ်မှသာ မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အသိုက်အဝန်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် အဂတိတရား လေးပါးနှင့် သက်ဆိုင်သည့် ကျင့်ဝတ်လိုက်နာရန် အရေးကြီးသကဲ့သို့ ဖြောင့်မတ်တည်ကြည်မှုရှိရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးသင်ခန်းစာများကို အခြေခံပညာအထက်တန်း Grade-11 အထိ သင်ကြားနိုင်ရေးအတွက် သင်ခန်းစာများ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ကျောင်းသားလူငယ်များ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး(Edutainment)အစီအစဉ်များကို နေပြည်တော်နှင့် ကော်မရှင်ရုံးခွဲများ တည်ရှိသည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များရှိအခြေခံပညာအထက်တန်းကျောင်းများမှ (မူလတန်းနှင့် အလယ်တန်း) အဆင့် ကျောင်းသား ကျောင်းသူများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို ဆွေးနွေးပို့ချလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေး သင်ခန်းစာများကို စိတ်ဝင်တစားကြိုးစားသင်ယူပြီး ရရှိလာသည့် အသိပညာ ဗဟုသုတများကို မိတ်ဆွေအပေါင်းအသင်းများအား မျှဝေပေးစေလိုကြောင်း၊ ဖြောင့်မတ်တည်ကြည်ရန်အတွက် မိမိကိုယ်တိုင်က အစပြုလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ “လူငယ်နှင့် အဂတိ” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကိုကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းလွင်နှင့်အတူ ကျောင်းသား ကျောင်းသူသုံးဦးတို့က အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လူငယ်များအနေဖြင့် မည်သို့ပူးပေါင်းဆောင်ရွက်နိုင်မည် စသည့်ကဏ္ဍများကို ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **သတင်းစဉ်**

မူဆယ်မြို့၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

မူဆယ် ဇွန် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေနဂါးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှိုင်ကျော်မြင့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အများပြည်သူလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပူးတွဲ၍ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင် ၁၈ ဦးနှင့် တာဝန်သိပြည်သူ ခြောက်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေသော ဒေသခံတောင်သူများ၊ ဒေသခံရပ်မိရပ်ဖများ၊ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

သန့်ဇင်(မြန်မာ့အလင်း)

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စေတီယျရပ်ကွက်ရှိ အစိုးရနည်းပညာကောလိပ်အနီး၌ ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်များ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုသည်။ ထို့နောက် တောင်ရင်းရပ်ကွက်ရှိ ကျောက်ဖြူ ဘိုးဘွားရိပ်သာသို့သွားရောက်၍ နယ်လှည့်ဆေးကုသရေးအဖွဲ့များက အဘိုး အဘွားနှင့် ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကို ကြည့်ရှုပြီး (ယာပုံ) ဆီ၊ ရေသန့်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့ပြင် လေပွေ့ရပ်ကွက်ရှိ လေပွေ့ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် သာသနိကအဆောက်အဦ အမိုးများ ပြန်လည်ပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၆

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ခေါင်းဒုက္ခာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်ဖြူ ဘိုးဘွားရိပ်သာရှိ အဘိုး အဘွားနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကားလမ်းမ ဘေးဝဲ/ယာရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ကညင်တန်းရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇွန် ၂၆

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၂၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင် အခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm အလုံး ၁၇၆၀၀၊ ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ Sinopharm အလုံး ၁၇၀၀၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့သို့ Sinopharm ၉၃၃၄ လုံး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ Sinopharm အလုံး ၂၁၀၀၀၊ ချင်းပြည်နယ် ကလေးမြို့သို့ Sinopharm အလုံး ၃၀၀၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinopharm အလုံး ၇၀၀၀၊ သံတွဲမြို့သို့ Sinopharm အလုံး ၁၀၀၀၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm ၁၂၅၆၅ လုံး၊ ထားဝယ်မြို့သို့ Sinopharm ၄၃၅၂ လုံး၊ ကော့သောင်းမြို့သို့ Sinopharm အလုံး ၃၂၀၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာ နေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မင်းတပ်ခရိုင် မင်းတပ်မြို့၌ (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက်က မင်းတပ်မြို့ အ.ထ.က (၁) ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ အတွင်းရေးမှူး - ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာဆုရကျောင်းသူအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။

ကိုနေ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပ

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားများတွင် ရှေးဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ထံမှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ ပြည်နယ်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်း ပြသထားသည်များကို ကြည့်ရှုအားပေးစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ဖတ်ကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆောင်ရွက်ချက် မှတ်တမ်းများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲဝင်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ပြန်/ဆက်)

အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် ပြည်သူများက လူသားချင်းစာနာထောက်ထားမှုဖြင့် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၂၆

အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် ပြည်သူများက လူသားချင်း စာနာထောက်ထားမှုဖြင့် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ညပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မိုခါမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်မှု ဆောင်ရွက်ရေးတို့အတွက် ယခုကဲ့သို့စာနာမှုအပြည့်ဖြင့် လှူဒါန်းကြသော အင်ဒိုနီးရှားနိုင်ငံ အစိုးရနှင့် ပြည်သူများ၊ လှူဒါန်းပစ္စည်းများကို ယခုလို မြန်မာနိုင်ငံအရောက် ပို့ဆောင်ပေးသည့် အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုနှင့် အဖွဲ့တို့အား မြန်မာနိုင်ငံအစိုးရနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းနှင့် ယခုကဲ့သို့ လှူဒါန်းမှုများသည် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပုံမှန်ဘဝသို့ ရောက်ရှိရေးနှင့် ပြန်လည်ထူထောင်မှုများအတွက် များစွာ အထောက်အကူ ဖြစ်စေရုံသာမက စိတ်ခွန်အားများကိုလည်း ဖြစ်စေပါကြောင်းနှင့် လှူဒါန်းပစ္စည်းများကို ရခိုင်ပြည်နယ် အပါအဝင် သဘာဝဘေးဒဏ်သင့်ဒေသများမှ ပြည်သူများထံသို့ ရောက်ရှိအောင် အမြန်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှူဒါန်းပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံ အစိုးရဘက်မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ လက်ထောက်အကြီးအကဲ H.E. Fajar setyawan SIP နှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုက လှူဒါန်းပစ္စည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းပစ္စည်းများအား လိုက်လံကြည့်ရှုသည်။

ယနေ့ အင်ဒိုနီးရှားနိုင်ငံ အစိုးရနှင့် ပြည်သူများက လှူဒါန်းသောပစ္စည်းများမှာ တာပေါ်လင် အလိပ် ၁၀၀၀၊ ရွက်ဖျင်တဲ ၁၅ စုံ၊ မိသားစုရွက်ဖျင်တဲ အစုံ ၁၅၀၊ အသင့်စား အစားအစာထုပ် ၁၅၀၀၀၊ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ အစုံ ၁၅၀၀၊ စောင် အထည် ၅၀၀၀၊ မွေ့ရာ ၂၀၀၊ မီးစက် (2KVA) အလုံး ၁၀၀ တို့ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တီတွဒ်ကျေးရွာနေ အောင်ဗိုလ်ဗိုလ် (ခ) ရွှေဘိုသည် ၎င်းအသုံးပြုသည့် “Aung Bo Bo” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက်နေ ဖြူဖြူလှိုင်သည် ၎င်းအသုံးပြုသည့် “Phyu Phyu Hlaing” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဖိလစ်ပိုင်သမ္မတ မားကို့စ် ရာသီဥတုပြောင်းလဲမှုကို ထိန်းသိမ်းရန် ပြည်သူများကို တိုက်တွန်း

မနီလာ ဇွန် ၂၆

ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရိုမီဒက်ဇ် မားကို့စ်သည် ဂေဟစနစ်ကို ထိန်းသိမ်းရန်အတွက် ကြိုးစားအားထုတ်ရန် ဖိလစ်ပိုင်နိုင်ငံသားများကို ဇွန် ၂၆ ရက်တွင် တိုက်တွန်းထားသည်။

သဘာဝအရင်းအမြစ်များ၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထူးသတိရှိကြရန် နိုင်ငံသားများအား တိုက်တွန်းထားကြောင်း ၎င်းကပြောကြားသည်။

ပစိဖိတ်မီးတောင်ရပ်ဝန်းတွင်တည်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မကြာခဏငလျင်လှုပ်ခြင်း၊ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် တိုင်ဖွန်းမုန်တိုင်းအကြိမ် ၂၀ ဝင်ရောက်တိုက်ခတ်ခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်အခံရဆုံးနိုင်ငံများထဲမှ တစ်ခုပါဝင်ကြောင်း သိရသည်။

ကျွန်းစုနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၁၃ ခုနှစ်က အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဟိုင်ရန်ကြောင့် လူပေါင်း ၇၀၀၀ ကျော် သေဆုံးမှုဖြစ်ပွားခြင်းအပါအဝင် မကြာသေးမီနှစ်များအတွင်း ကြီးမားသည့်ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရိုမီဒက်ဇ်မားကို့စ်။

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ မိုးကြိုးပစ်ခြင်းကြောင့် ၁၀ ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် ဇွန် ၂၆

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ ဇွန် ၂၅ ရက်က မိုးကြိုးပစ်မှုကြောင့် ၁၀ ဦး သေဆုံးပြီး အခြားခြောက်ဦးမှာ ထိခိုက်ဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးအာဏာပိုင်များက ပြောကြားသည်။

ပြည်နယ်၏ ရှိတ်ဟူပူရာနှင့် နာရိုဝယ်ခရိုင်များတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အိမ်ပေါင်းများစွာကို မိုးကြိုးပစ်ခဲ့ကြောင်း အစိုးရပိုင် ကယ်ဆယ်ရေးအဖွဲ့ Rescue 1122 က ပြောကြားသည်။

မုတ်သုံအကြိုရာသီမှာ နိုင်ငံတစ်ဝန်း ဇွန် ၃၀ ရက်အထိ ခန့်မှန်းထားပြီး ယင်းကာလအတွင်း ပန်ဂျပ်ပြည်နယ်၏ မြို့များတွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးခြိမ်းခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ ဖြစ်ပေါ်ရန် ခန့်မှန်းထားသည်ဟု ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီး ရှာရီရာ့မန်က ဇွန် ၂၅ ရက်က တွစ်တာတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပြဒေသများတွင် ရေကြီးခြင်းနှင့် တောင်တန်းဒေသများတွင် မြေပြိုခြင်းများ ဖြစ်ပွားခြင်းနှင့် ပတ်သက်၍ စိုးရိမ်မှုများ ဖြစ်ပေါ်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

အမေရိကန် လေယာဉ်တင်သင်္ဘော ရော်နယ်ရေဂင် ဗီယက်နမ်ဆိပ်ကမ်း၌ ငါးရက်ကြာ ဆိုက်ကပ်ထား

ဟန္နိုင်း ဇွန် ၂၆

အမေရိကန် လေယာဉ်တင်သင်္ဘော ရော်နယ်ရေဂင်သည် ဇွန် ၂၅ ရက်က ဗီယက်နမ်နိုင်ငံရှိ ဒါနန်ဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားခဲ့ပြီး ငါးရက်ကြာ ရပ်နားမည်ဟု သိရသည်။

နျူကလီးယားစွမ်းအင်သုံး အမေရိကန်လေယာဉ်တင်သင်္ဘောနှင့် အစောင့်အကြပ်သင်္ဘောနှစ်စင်းဖြင့် လာရောက်လည်ပတ်ခြင်းသည် အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဘက်စုံမိတ်ဖက်ဆက်ဆံရေး (၁၀) နှစ်မြောက် အထိမ်းအမှတ်ကို ဖော်ပြခြင်းဖြစ်သည်။

ပြည်တွင်းလူငယ်များအတွက် အမေရိကန်ရေတပ်သင်္ဘောဖျော်ဖြေရေးအဖွဲ့မှ ဖျော်ဖြေမှုများအပါအဝင် ယဉ်ကျေးမှုနှင့် အတတ်ပညာဖလှယ်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။ **အင်န်အိတ်ချ်ကေ**

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခြောက်ဦးထက်မနည်း သေဆုံး

နယူးဒေလီ ဇွန် ၂၆

အိန္ဒိယနိုင်ငံ မြောက်ပိုင်း တောင်ကုန်းဒေသတစ်ခုဖြစ်သော ဟိမာချယ်ပရာဒက်ရှ်၌ လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးနှင့်ပတ်သက်သော မတော်တဆမှုများဖြစ်ပွားခဲ့ပြီး ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့မှ အဆင့်မြင့် အရာရှိတစ်ဦးက ပြောသည်။

ရေကြီးမှုကြောင့် လူ့အသက်ဆုံးရှုံးမှုများနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုများ စာရင်းကောက်သိရှိနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

သေဆုံးသူအများစုမှာ ဒေသခံများဖြစ်ကြသည်။ လူတို့၏ အမှားများကြောင့် ယခုလိုသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းနှင့် သေဆုံးသူများသည် အာဏာပိုင်များ ထုတ်ပြန်ထားသည့် အန္တရာယ်ရှိကြောင်း သတိပေးညွှန်ကြားချက်များကို မလိုက်နာသောကြောင့် ဖြစ်သည်။

ထို့ပြင် ကူလာဒေသနှင့် မာနာလီဒေသများသည်လည်း ရေကြီးမှု အခြေအနေများနှင့် ကြုံတွေ့လျက်ရှိသည်။ ရေကြီးမှုကြောင့် အိမ်များမျောပါသွားခြင်းနှင့် ရေကြီးဖုံးလွှမ်းမှုများကြောင့် လူအများအပြား အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။

ရေကြီးမှုကြောင့် ယခုအချိန်အထိ ခြောက်ဦးသေဆုံးခဲ့ပြီး ၁၀ ဦးနီးပါး ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ တိရစ္ဆာန်အကောင်ရေ ၃၀၃ ကောင်လည်းသေဆုံးခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိန္ဒိယရူပီး သန်း ၃၀ ခန့် ဆုံးရှုံးခဲ့သည်။ ထို့ပြင် တံတားပေါင်း ၁၂၄ စင်း ပျက်စီးခဲ့သည်။ အဆိုပါပျက်စီးမှုထဲတွင် အမျိုးသားလမ်းမကြီး နှစ်စင်းလည်း ပါဝင်ခဲ့သောကြောင့် အမှန်တကယ် ဆုံးရှုံးမှုတန်ဖိုးမှာ ယခုထက် ပိုမိုများပြားလာဖွယ်ရှိသည်။ **ဆင်ဟွာ**

၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ သေဆုံးသူ စုစုပေါင်းမှာ ၁ ဒသမ ၅၆ သန်း စံချိန်တင်မြင့်တက်

တိုကျို ဇွန် ၂၆

ဂျပန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း သေဆုံးသူစုစုပေါင်းမှာ ၁ ဒသမ ၅၆ သန်းအထိ စံချိန်တင်ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ကထက် ၉ ရာခိုင်နှုန်းနီးပါး တိုးလာကြောင်း နိုင်ငံ၏ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း သေဆုံးသူဦးရေမှာ ၁၅၆၈၉၆၁ ရှိရာ ၂၀၂၁ ခုနှစ်ကထက် ၁၂၉၀၀၀ ကျော်(၈ ဒသမ ၉ ရာခိုင်နှုန်း) မြင့်တက်လာကြောင်း ၂၀၂၂ ခုနှစ်အတွက် မကြာသေးမီကထုတ်ပြန်သည့် လူဦးရေအချက်အလက်တွင် ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွင်း အဓိကသေဆုံးရသည့်အကြောင်းရင်းမှာ ကင်ဆာရောဂါကြောင့်ဖြစ်ပြီး သေဆုံးသူ ၃၈၆၀၀၀ ရှိရာ သေဆုံးသူ စုစုပေါင်း၏ ၂၄ ဒသမ ၆ ရာခိုင်နှုန်း၊ ယင်းနောက် နှလုံးရောဂါဖြင့်သေဆုံးသူ ၂၃၃၀၀၀ သေဆုံးမှု စုစုပေါင်း၏ ၁၄ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သဘာဝအကြောင်းတရားများကြောင့် သေဆုံးသူ ၁၈၀၀၀၀ ရှိရာ ပြီးခဲ့သည့်နှစ်ကထက် ၂၇၀၀၀ ခန့်တိုးလာကြောင်း ပြီးခဲ့သည့်နှစ်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်း ၄၇၆၃၅ ဦးရှိကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏ နှစ်စဉ်သေဆုံးမှုမှာ ၂၀၄၀ တွင် အထွတ်အထိပ်ရောက်သည်အထိ ၁ ဒသမ ၆၇ သန်းဖြင့် ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း အမျိုးသားလူဦးရေနှင့် လူမှုဖူလုံရေးသုတေသနဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

ရေစကြိုမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေမတ်ပဲသီးနှံ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ ကူတုတ်၊ အောင်ချမ်းသာကျေးရွာနှင့် ညောင်တောကျေးရွာများတွင် ဥစိုက်ကြက်သွန်နီ၊ မြေပဲ၊ ကုလားပဲ၊ ထောပတ်ပဲနှင့် ပဲဇီးကွက်သီးနှံများ ရိတ်သိမ်းပြီး နွေမတ်ပဲသီးနှံများကို သီးထပ်အဖြစ် ရေသွင်းကာ ဧက ၁၀၀ ခန့် စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးသော မတ်ပဲသီးနှံမျိုးများကို စိုက်ပျိုးရေးဆေးဆိုင်များတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်လုပ်သည့် ရေဆင်းမျိုးများကို ဝယ်ယူစိုက်ပျိုးကြကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးရာတွင် ကြဲပက်နှင့် အတန်းလိုက်ဟူ၍ နှစ်မျိုးစိုက်ပျိုးကြပြီး အများအားဖြင့် ကြဲပက်ကာ စိုက်ပျိုးကြကြောင်း သိရသည်။ ယခင်နှစ်တွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းခန့် ကုန်ကျခဲ့ပြီး အထွက်နှုန်းအနေဖြင့် တင်း ၂၀ ခန့် ထွက်ရှိခဲ့ရာ တစ်တင်းလျှင် ငွေကျပ် ၄၂၀၀၀ ဈေးနှုန်းဖြင့် ရောင်းချရသည့်အတွက် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ငါးသိန်းကျော်ခန့် ရရှိခဲ့ကြောင်း သိရသည်။

ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်တွင် သွင်းအားစုများဖြစ်သည့် မြေသြဇာ၊ ပိုးသတ်ဆေး၊ သီးပွင့်အားတိုးဆေးနှင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်မှုများကြောင့် ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျပြီး မတ်ပဲ စိုက်ခင်းများမှာ အောင်မြင်စွာ ဖြစ်ထွန်းလျက်ရှိကြောင်း၊ မတ်ပဲသီးနှံသည် ဈေးနှုန်းကောင်းမွန်သဖြင့် တောင်သူများအတွက် တွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း သိရှိရသည်။

DOCA(မကွေး)

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဇွန် ၂၅ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၀၁၉ သန်း၊ သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၂ ဒသမ ၉၂၄ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၉၄၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငါးရှဥ့် ၄၇ ဒသမ ၇၆၀ တန်၊ ပုစွန်ခြောက် ၁၅ ဒသမ ၆၇၂ တန်၊ ခဲသွပ်အရောသတ္တု ၁၀၃ ဒသမ ၅ တန်၊ ထောပတ်ပဲ ၆၇ ဒသမ ၅ တန်၊ မိကျောင်းကွမ်းဖတ်စေ့ ၇၀ ဒသမ ၉၆ တန်၊ ကဏန်း ၁၅ ဒသမ ၇၂၅ တန်၊ အလူမီနီယံသတ္တု ၃၄ ဒသမ ၉၅၁ တန်၊ ရေခဲပုစွန် ၁၇ ဒသမ ၂၈ တန်၊ သကာရည် ၁၅၇ တန်နှင့် ကြက်သွန်နီ ၁၂၂ တန်တို့ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဆိုလာပြားများ၊ စတီးပိုက်များ၊ ကရိန်းယာဉ်အပိုပစ္စည်း (လက်တံ)၊ ဆိုလာဘက်ထရီ၊ မီးခံအုတ်၊ စပျစ်သီး၊ ကော်မှုန့်၊ သံပိုက်၊ ကားတာယာ/ကျွတ်တို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၂၅ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၅ ဒသမ ၇၃၁ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၄၉ ဒသမ ၃၃၀ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၈၅ ဒသမ ၀၆၁ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်းတစ်ယွမ်လျှင် ၂၉၃ ဒသမ ၇၈၂ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်သည်။

မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇွန်လလျာထားချက်မှာ ပို့ကုန် ဒေါ်လာတစ်သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၃ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၀၃ သန်းဖြစ်ပြီး ၁-၆-၂၀၂၃ ရက်မှ ၂၅-၆-၂၀၂၃ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဒေါ်လာ ၀ ဒသမ ၃၆၈ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၁ သန်း၊ ကုန်သွယ်မှုပမာဏဒေါ်လာ ၀ ဒသမ ၃၇၈ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၃၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေး စခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး ၁၀ တန်၊ အုန်းသီး ၁၃ တန်၊ ဆီးသီးခြောက် ၆၃ ဒသမ ၃ တန်၊ ချင်း (အစို) ၁၀၁၁ ဒသမ ၅ တန်၊ တညင်းသီး ၁၁၆ တန်၊ နနွင်းတက် ငါးတန်၊ ရေထွက်ပစ္စည်းမှ ငါးခေါင်းပွ နှစ်တန်၊ ပုစွန်ခြောက် ၀ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် လေးတန်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ် အစုံ ၄၉၀၀၊ အဝတ်အထည် ၀ ဒသမ ၅ တန်၊ ချည်လုံးချည် ၁ ဒသမ ၉ တန်၊ သနပ်ခါးခဲ ၁၁ တန် တင်ပို့ခဲ့သည်။ သွင်းကုန်အနေဖြင့် ပလတ်စတစ်ပိုက် ၀ ဒသမ ၅တန်၊ ပလတ်စတစ် ရေတိုင်ကီ ၃၇ ခု၊ လက်နှိပ်ရေတုံကင် (Water Hand Pump) အခု ၂၀၊ သတ္တုရေတကောင်း (Aluminium Water Pot) ၁ ဒသမ ၁ တန်၊ အမျိုးသားဝတ် T-Shirt အထည် ၃၅၀၀ တို့ တင်သွင်းခဲ့သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဒေါ်လာလျှင် ၂၉၆၄ ကျပ်၊ ၁၁၄ တာကာ၊ ၁၀၀ ကျပ်လျှင် ၃ ဒသမ ၈၅ တာကာ၊ ၁ တာကာလျှင် ၂၆ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။



၂၆.၆.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)		ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ညှော်မထ	ဧစိန်	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ (ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃
၁	မြစ်ကြီးနား	၃၂၀၀		၉၀၀၀	၇၂၀၀	၁၈၀၀၀	၂၈၀၀	၇၀၀၀	၇၅၀၀	၃၅၀၀	၇၅၀၀	၁၀၀၀	၈၃၀၀	၆၈၀၀	၄၅၀၀	၃၀၀၀	၃၈၀၀	၁၃၀၀၀	၂၂၀၀၀	၁၈၀၀၀	၂၆၀၀၀	၁၄၀၀၀
၂	လားရှိုး	၂၈၀၀	၂၈၀၀	၁၄၀၀၀	၈၀၀၀	၂၂၀၀၀	၃၀၀၀	၄၅၀၀	၆၀၀၀	၃၀၀၀	၃၅၀၀	၆၀၀	၇၅၀၀	၅၂၀၀	၄၀၀၀	၃၅၀၀	၃၂၀၀	၁၂၀၀၀	၂၀၀၀၀	၂၀၀၀၀	၃၀၀၀၀	၁၂၀၀၀
၃	ကျိုင်းတုံ	၃၂၅၀		၁၆၀၀၀	၇၅၀၀	၁၈၀၀၀	၃၃၀၀	၈၀၀၀	၈၀၀၀	၄၀၀၀	၃၅၀၀	၁၀၀၀	၈၅၀၀	၆၅၀၀	၄၀၀၀	၃၅၀၀	၄၀၀၀	၁၄၀၀၀	၂၂၀၀၀	၂၄၀၀၀		၁၁၀၀၀
၄	တောင်ကြီး	၃၀၀၀	၂၆၀၀	၉၅၀၀	၇၀၀၀	၂၂၀၀၀	၃၀၀၀	၆၅၀၀	၆၅၀၀	၃၅၀၀	၃၇၀၀	၆၀၀	၈၀၀၀	၆၀၀၀	၄၀၀၀	၃၂၀၀	၃၅၀၀	၁၃၀၀၀	၁၉၀၀၀	၁၅၀၀၀	၁၈၀၀၀	၁၀၀၀၀
၅	လွိုင်ကော်	၃၈၀၀	၂၉၀၀	၁၇၀၀၀	၈၈၀၀	၃၈၀၀၀	၃၃၀၀	၅၀၀၀	၅၇၀၀	၅၅၀၀	၄၅၀၀	၆၀၀	၈၀၀၀	၆၀၀၀	၃၇၀၀	၃၅၀၀	၄၀၀၀	၁၄၀၀၀	၁၉၀၀၀	၁၈၀၀၀	၂၇၀၀၀	၁၀၀၀၀
၆	ဘားအံ	၂၇၀၀		၁၂၀၀၀	၇၀၀၀	၁၆၀၀၀	၂၇၀၀	၇၀၀၀	၈၀၀၀	၅၀၀၀	၇၅၀၀	၈၀၀	၈၃၀၀	၆၅၀၀	၃၂၀၀	၂၅၀၀	၃၆၀၀	၁၀၅၀၀	၁၆၀၀၀	၂၀၀၀၀	၂၃၀၀၀	၈၀၀၀
၇	မော်လမြိုင်	၂၈၅၀		၁၄၅၀၀	၇၀၀၀	၁၆၀၀၀	၂၆၀၀	၈၀၀၀	၉၀၀၀	၆၀၀၀	၁၂၀၀၀	၈၀၀	၁၀၀၀၀	၇၀၀၀	၅၀၀၀	၃၀၀၀	၃၆၀၀	၁၂၀၀၀	၁၈၀၀၀	၁၈၀၀၀	၃၀၀၀၀	၁၀၀၀၀
၈	ထားဝယ်	၄၀၀၀		၁၇၀၀၀	၇၅၀၀	၁၆၅၀၀	၂၇၀၀	၇၆၀၀	၇၅၀၀	၄၈၀၀	၈၆၀၀	၇၀၀	၆၅၀၀	၆၀၀၀	၆၀၀၀	၃၅၀၀	၃၆၀၀	၁၃၅၀၀	၁၈၀၀၀	၁၈၀၀၀	၂၄၀၀၀	
၉	မြိတ်	၃၀၀၀		၁၆၀၀၀	၆၅၀၀	၁၅၀၀၀	၂၇၀၀	၈၆၀၀	၇၅၀၀	၄၄၀၀	၉၈၀၀	၈၀၀	၇၈၀၀	၆၀၀၀	၄၄၀၀	၃၂၀၀	၄၀၀၀	၁၃၀၀၀	၂၀၀၀၀	၁၉၀၀၀	၂၄၀၀၀	
၁၀	ရန်ကုန်	၂၉၀၀	၂၆၀၀	၁၅၀၀၀	၄၇၀၀	၁၇၀၀၀	၂၆၀၀	၉၀၀၀	၈၅၀၀	၉၀၀၀	၇၀၀၀	၆၀၀	၇၅၀၀	၆၈၀၀	၄၀၀၀	၃၂၀၀	၃၈၀၀	၁၂၀၀၀	၁၈၀၀၀	၁၉၀၀၀	၃၀၀၀၀	၁၂၀၀၀
၁၁	ပုသိမ်	၂၈၀၀		၁၄၀၀၀	၆၈၀၀	၁၇၀၀၀	၂၅၀၀	၇၀၀၀	၇၅၀၀	၅၀၀၀	၆၀၀၀	၄၀၀	၆၅၀၀	၆၁၀၀	၄၅၀၀	၃၀၀၀	၃၇၀၀	၁၀၀၀၀	၁၆၀၀၀	၁၆၀၀၀	၂၅၀၀၀	၁၀၀၀၀
၁၂	စစ်တွေ	၃၃၅၀	၂၉၅၀	၁၅၀၀၀	၈၀၀၀	၁၈၀၀၀	၃၀၀၀	၈၀၀၀	၈၅၀၀	၄၅၀၀	၇၀၀၀	၅၀၀	၈၀၀၀	၆၅၀၀	၂၅၀၀	၃၅၀၀	၃၅၀၀	၁၆၀၀၀	၂၄၀၀၀	၂၆၀၀၀	၂၆၀၀၀	
၁၃	ဟားခါး	၄၃၅၀		၁၈၅၀၀		၂၅၀၀၀	၃၀၀၀	၇၀၀၀			၃၀၀၀	၁၀၀၀		၆၀၀၀		၄၀၀၀	၅၀၀၀	၁၈၀၀၀	၁၆၀၀၀	၁၅၀၀၀		၁၂၀၀၀
၁၄	မုံရွာ	၄၁၀၀		၁၃၅၀၀	၇၄၀၀	၁၉၀၀၀	၂၁၀၀	၆၀၀၀	၈၀၀၀	၆၀၀၀	၅၀၀၀	၈၀၀	၆၆၀၀	၇၀၀၀	၄၀၀၀	၂၂၀၀	၃၆၀၀	၁၂၀၀၀	၂၀၀၀၀	၁၇၀၀၀	၂၆၀၀၀	၈၀၀၀
၁၅	မန္တလေး	၃၅၀၀	၂၇၀၀	၁၃၅၀၀	၆၉၀၀	၂၂၀၀၀	၂၀၀၀	၇၂၀၀	၈၀၀၀	၄၅၀၀	၇၅၀၀	၈၀၀	၈၃၀၀	၆၈၀၀	၆၀၀၀	၂၈၀၀	၃၆၀၀	၁၄၀၀၀	၁၈၀၀၀	၁၆၀၀၀	၂၄၀၀၀	၁၀၀၀၀
၁၆	ပခုက္ကူ	၃၅၀၀		၁၃၀၀၀	၇၀၀၀	၂၀၀၀၀	၂၃၀၀	၈၀၀၀	၇၀၀၀	၅၅၀၀	၆၅၀၀	၆၀၀	၇၅၀၀	၇၅၀၀	၃၀၀၀	၃၂၀၀	၃၄၀၀	၁၄၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၂၀၀၀	၇၅၀၀
၁၇	မကွေး	၃၅၀၀		၁၂၅၀၀	၆၈၀၀	၁၈၀၀၀	၂၈၀၀	၆၀၀၀	၅၅၀၀	၆၀၀၀	၅၀၀၀	၁၀၀၀	၆၅၀၀	၇၀၀၀	၅၅၀၀	၃၂၀၀	၃၀၀၀	၁၄၀၀၀	၁၉၀၀၀	၁၇၀၀၀	၂၂၀၀၀	၇၀၀၀
၁၈	ပြည်	၂၇၅၀		၁၃၅၀၀	၇၄၀၀	၂၅၀၀၀	၂၅၀၀	၆၀၀၀	၈၀၀၀	၄၅၀၀	၈၅၀၀	၆၀၀	၆၀၀၀	၆၂၀၀	၄၀၀၀	၃၄၀၀	၃၅၀၀	၁၂၀၀၀	၂၀၀၀၀	၁၅၀၀၀	၂၅၀၀၀	၉၀၀၀
၁၉	ပဲခူး	၂၈၅၀		၁၄၅၀၀	၇၄၀၀	၁၆၀၀၀	၂၆၀၀	၆၈၀၀	၇၈၀၀		၉၀၀၀	၆၀၀	၈၃၀၀	၆၇၀၀	၃၂၀၀	၃၀၀၀	၃၇၀၀	၁၂၀၀၀	၁၆၀၀၀	၁၅၀၀၀	၂၅၀၀၀	၆၅၀၀
၂၀	ပျဉ်းမနား	၃၀၀၀		၁၄၀၀၀	၆၈၀၀	၁၈၅၀၀	၂၀၀၀	၆၁၀၀	၇၂၀၀	၄၂၀၀	၅၇၀၀	၅၀၀	၇၀၀၀	၆၀၀၀	၄၀၀၀	၂၄၀၀	၃၅၀၀	၁၃၀၀၀	၁၈၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၀၀၀၀
၂၁	နေပြည်တော်	၃၀၀၀		၁၄၅၀၀	၆၈၀၀	၂၀၀၀၀	၂၂၀၀	၆၁၀၀	၇၅၀၀	၄၅၀၀	၆၃၀၀	၅၀၀	၇၂၀၀	၆၀၀၀	၄၂၀၀	၂၆၀၀	၃၅၀၀	၁၃၀၀၀	၁၈၅၀၀	၁၅၀၀၀	၂၄၀၀၀	၁၀၀၀၀
၂၂	ကလေး	၃၂၀၀	၃၁၀၀	၁၄၀၀၀	၈၀၀၀	၂၂၀၀၀	၂၀၀၀	၄၅၀၀	၆၀၀၀	၄၀၀၀	၆၀၀၀	၇၀၀	၈၀၀၀	၆၃၀၀	၄၀၀၀	၃၅၀၀	၃၃၀၀	၁၆၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၈၀၀၀	၈၀၀၀

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ငွေကျပ် ၅၀၊ ရန်ကုန်တွင် ငွေကျပ် ၂၀၀ ၊ မန္တလေးတွင် ငွေကျပ် ၁၀၀၊ ဧစိန်ဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၊ ပဲဆီ တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးနှင့် ပြည်တွင် ငွေကျပ် ၂၀၀၊ ပုသိမ်တွင် ငွေကျပ် ၃၅၀၊ စစ်တွေတွင် ငွေကျပ် ၈၀၀၊ မုံရွာတွင် ငွေကျပ် ၆၀၀၊ မန္တလေးတွင် ငွေကျပ် ၁၀၀၊ ပခုက္ကူနှင့် ပဲခူးတွင် ငွေကျပ် ၄၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ ကလေးတွင် ငွေကျပ် ၅၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၆၀၀၊ ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ ဟားခါးတွင် ငွေကျပ် ၂၀၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ (ကြူကုတ်) တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၀၊ ရန်ကုန်တွင် ငွေကျပ် ၅၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၂၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ရန်ကုန်တွင် ငွေကျပ် ၂၅၀၀၊ မြစ်ကြီးနား၊ ပခုက္ကူနှင့် ပဲခူးတွင် ငွေကျပ် ၅၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၃၀၀၊ စစ်တွေတွင် ငွေကျပ် ၅၀၀၊ ကလေးတွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၃၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်နှင့် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ ထားဝယ်တွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ် ၃၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၂၀၀၊ မုံရွာတွင် ငွေကျပ် ၁၀၀၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ ဆား တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လှဲ့လှဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၅၀ ၀၉-၂၀၂၁၄၉၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀၉-၂၅၀၁၂၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၄၈ ၀၉-၂၅၄၁၇၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၃၁၆ ၀၉-၄၃၀၅၄၈၄၄		

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၆-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၄၃	၁၉၁၄
95 Ron	၁၉၃၅	၂၀၀၈
HSD (500 ppm)	၁၈၃၀	၁၈၉၆
HSD (50 ppm)	၁၉၀၄	၁၉၇၁
HSD (10 ppm)	၁၉၀၄	၁၉၇၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

(၂၆ - ၆ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၄) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၂) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၃၁,၄၆၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၃၂၆) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၁၉၈) ဦး ရှိပြီဖြစ်သည်။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” တိုက်ခတ်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ

တွေ့ဆုံမေးမြန်း - ဝင်းဝင်း

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါ လုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

မေး ။ ။ မုန်တိုင်းနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပုံကို သိရှိလိုပါတယ်။

ဖြေ ။ ။ မိုခါဆိုင်ကလုန်းမုန်တိုင်း မဖြစ်ပွားမီ သတင်းရရှိချိန်(သာမန်အချိန်) ဖြစ်တဲ့ မေ ၈ ရက်မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center–DMC)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) မှာ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး တပ်ဖွဲ့ဝင် ရှစ်ဦးနဲ့ ၂၄ နာရီတာဝန်ထမ်းဆောင်ခဲ့ပါတယ်။

မုန်တိုင်းမဝင်ရောက်မီ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေ တစ်နိုင်ငံလုံးမှာ စုဖွဲ့ထားရှိမှုအနေနဲ့ တစ်မြို့နယ်မှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တပ်စုတစ်စု၊ အင်အား ၃၅ ဦးစီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့တော်တွေမှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တပ်ခွဲတစ်ခွဲ၊ အင်အား ၁၁၆ ဦးစီ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် (ရန်ကုန်)မှာ ရှာဖွေကယ်ဆယ်ရေး အထူးအဖွဲ့ တပ်ဖွဲ့ဝင် ၅၀ တို့နဲ့ အသင့်စုဖွဲ့ ဆောင်ရွက်ထားရှိခဲ့ပါတယ်။

အရေးကြီးချိန်ဆောင်ရွက်ခြင်း (ကြိုတင်သတိပေးချက်ရရှိချိန်)အနေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေနဲ့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းက ဘေးအန္တရာယ် သက်ရောက်နိုင်တဲ့ နေရာတွေမှာ နေထိုင်တဲ့ ပြည်သူတွေ ဘေးလွတ်ရာကို ကူညီရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်းဘေး လွတ်ကင်းရာနေရာအဖြစ် သတ်မှတ်ထားတဲ့နေရာ (Shelter) တွေကို သောက်သုံးရေ ပေးဝေလှူဒါန်းခြင်း၊ မုန်တိုင်းအန္တရာယ် ဆော်သြသတိပေးဆောင်ရွက်ခြင်း၊ မုန်တိုင်းအန္တရာယ်ကျရောက်ပါက အရေးပေါ်အသုံးပြုနိုင်တဲ့ အသက်ကယ်ပစ္စည်းတွေ အကြောင်းနဲ့ အသုံးပြုပုံနည်းစနစ်တွေကို ရှင်းလင်းပြသခြင်း လုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မီးသတ်စခန်း၌ လူ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာများ စုဖွဲ့ထားရှိမှုကို တွေ့ရစဉ်။

မေး ။ ။ မုန်တိုင်းကာလ အရေးပေါ်အချိန်အတွင်း ဆောင်ရွက်ရတာတွေကိုလည်း သိလိုပါတယ်။

ဖြေ ။ ။ မီးသတ်ဦးစီးဌာနအနေနဲ့ မိုခါဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ရာ ဒေသတွေဖြစ်တဲ့ ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ ဘူသီးတောင်၊ မင်းပြား၊ မောင်တော၊ မြေပုံ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦးမြို့နယ်၊ ချင်းပြည်နယ် မင်းတပ်၊ မတူပီ၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ ၊ တီးတိန်နဲ့ ပလက်ဝ မြို့နယ်တွေကို မုန်တိုင်းမဝင်ရောက်မီ မုန်တိုင်းသတင်းတွေ အချိန်နဲ့တစ်ပြေးညီ လိုက်လံကြေညာပေးခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် ပျက်စီးပြိုပျက်နိုင်တဲ့နေရာဒေသတွေက ပြည်သူတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်းဝင်ရောက်နေစဉ်ကာလအတွင်း ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခြင်းနဲ့ မုန်တိုင်းဝင်ရောက်ပြီး သုံးနာရီအတွင်း အပျက်အစီးတွေ ရှင်းလင်းခြင်း၊ လမ်းမကြီးတွေ ပိတ်ဆို့နေမှုကို ရှင်းလင်းခြင်းတို့ကို ရခိုင်ပြည်နယ်အတွင်း မြို့နယ်အလိုက် ဖွဲ့စည်းထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးခဲ့ပါတယ်။

မေး ။ ။ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် (ရန်ကုန်)မှာ အသင့်စုဖွဲ့ထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၄၁၈ ဦးကို မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့အပျက်အစီးတွေကို ကူညီကယ်ဆယ်ရေးဆောင်ရွက်ဖို့ မေ ၁၇ ရက်က စတင်ပြီး တပ်မတော်ပိုင် လေယာဉ်ငါးစင်းနဲ့ စစ်တွေမြို့ကို စေလွှတ်ခဲ့ပါတယ်။ ဒီတပ်ဖွဲ့ဝင်တွေက စစ်တွေမြို့ကို ရောက်တဲ့အချိန်မှာ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ထိခိုက်ပျက်စီးမှုအခြေအနေကို ကနဦး စစ်ဆေးကြည့်ရှုခြင်း၊ အပျက်အစီးတွေကို ဖယ်ရှားရှင်းလင်းခြင်း စသဖြင့် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မေ ၁၈ ရက်မှာ ဧရာဝတီတိုင်းဒေသကြီးက ရှာဖွေကယ်ဆယ်ရေးတပ်ခွဲအင်အား ၁၁၆ ဦးကို ပေါက်တောမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးက ရှာဖွေကယ်ဆယ်ရေးတပ်ခွဲအင်အား ၁၁၆ ဦးကို ရသေ့တောင်မြို့တို့ကို စေလွှတ်ပြီး ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်စေခဲ့ပါတယ်။

ရခိုင်ပြည်နယ်ကို ရောက်ရှိနေတဲ့ တပ်ဖွဲ့ဝင်တွေ လုပ်ငန်းစဉ် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရိက္ခာနဲ့ လုပ်ငန်းသုံးပစ္စည်းတွေ ထောက်ပံ့ပေးအပ်မှု အနေနဲ့ မေ ၁၉ ရက်မှာ လုပ်ငန်းသုံးပစ္စည်း Chain Saw လွှသွားအခု ၁၀၀ ၊ Plug အခု ၃၀ ၊ 2T လေးပါကင်၊ Engine Oil ဂါလန် ၅၀၊ ရိက္ခာ ကြက်ဥအလုံး ၁၀၀၀၊ ကော်ဖီမစ်ပါကင် ၅၀၊ ပေါင်မုန့်အလုံး ၁၀၀၀၊ အချိုရည် ၇၄၄ ဘူး၊ ခေါက်ဆွဲခြောက်တစ်ဖာ တို့ကို ပေးအပ်ခဲ့ပါတယ်။

မေ ၂၁ ရက်မှာ အပျက်အစီးများပြားတဲ့ စစ်တွေမြို့ကို အင်အားအလုံးအရင်းနဲ့ ရှင်းလင်းရေး ဆောင်ရွက်နိုင်ဖို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးက ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်တဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၄၆ ဦး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)က ရှာဖွေကယ်ဆယ်ရေး(အထူး) တပ်ဖွဲ့ဝင် ၁၅ ဦး၊ နေပြည်တော်မီးသတ်ဦးစီးမှူးရုံးက ၃၅ ဦးနဲ့ မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးက ၃၅ ဦး စုစုပေါင်း ၁၃၁ ဦးကို တပ်မတော်လေယာဉ်တွေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ နေပြည်တော်လေဆိပ်တို့ကနေ စေလွှတ်ခဲ့ပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ

ပေါက်တောမြို့မှာ ရောက်ရှိရှင်းလင်းရေး ဆောင်ရွက်ပြီးစီးခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီးက ရှာဖွေကယ်ဆယ်ရေးတပ်ခွဲအင်အား ၁၁၆ ဦးကို စစ်တွေမြို့ကို ခေါ်ယူအားဖြည့် ဆောင်ရွက်စေခဲ့သလို မေ ၂၇ ရက်မှာ ရသေ့တောင်မြို့နယ်မှာ ကယ်ဆယ်ရှင်းလင်းရေး ဆောင်ရွက်ပြီးစီးတဲ့ ပဲခူးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေး တပ်ခွဲတစ်ခွဲ၊ အင်အား ၁၁၆ ဦးကို ပြန်လည်ခေါ်ယူဆောင်ရွက်စေခဲ့ရာ စုစုပေါင်းမီးသတ်တပ်ဖွဲ့ဝင် ၄၉၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးက ပရဟိတအဖွဲ့ဝင် ၅၀ စုစုပေါင်း ၅၄၉ ဦးနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ် ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ စေလွှတ်ခဲ့တဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၅၄၉ ဦးက မေ ၁၇ ရက်ကနေ ဇွန် ၃ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်နဲ့ ရသေ့တောင်မြို့နယ်တွေက ဆေးရုံ/ဆေးခန်း၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားပုထိုးစေတီ၊ ဈေး၊ ရပ်ကွက်၊ လမ်း၊ ဌာနဆိုင်ရာ အဆောက်အအုံ၊ ဆက်သွယ်ရေးတာဝါတိုင်၊ ပြတိုက်၊ ပန်းခြံ၊ အားကစားကွင်း၊ တက္ကသိုလ်စတဲ့ နေရာတွေကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

တပ်ဖွဲ့ဝင်တွေအနေနဲ့ နေအိမ်အဆောက်အအုံတွေအပေါ်ကို လဲကျပိမိနေတဲ့ သစ်ပင်ကြီးတွေ၊ လမ်းပိတ်ဆို့နေတဲ့ သစ်ပင်၊ သစ်ကိုင်းတွေကို Chain Saw တွေ အသုံးပြုပြီး ရှင်းလင်းဖယ်ရှားရသလို လဲကျနေတဲ့ ဓာတ်တိုင်တွေ၊ ပြိုကျနေတဲ့ သံထည်အဆောက်အအုံတွေ၊ တာဝါတိုင်တွေကို Engine Cutter နဲ့ Hydraulic Cutter တွေ အသုံးပြုပြီး သက်ဆိုင်ရာဌာနတွေက ယာဉ်/စက်ယန္တရား အကူအညီနဲ့ ရှင်းလင်းပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် မီးသတ်သမားတွေ အဓိကအားပြုဆောင်ရွက်ရတဲ့ ပစ္စည်း၊ နည်းပညာကတော့ လိုအပ်တဲ့ ကြိုးချည်နည်းကို အသုံးပြုဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၁၈ သို့

◆ **အရေးကြီးချိန်ဆောင်ရွက်ခြင်း (ကြိုတင်သတိပေးချက်ရရှိချိန်)အနေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေနဲ့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းက ဘေးအန္တရာယ်သက်ရောက်နိုင်တဲ့နေရာတွေမှာ နေထိုင်တဲ့ပြည်သူတွေ ဘေးလွတ်ရာကို ကူညီရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်းဘေးလွတ်ကင်းရာနေရာအဖြစ် သတ်မှတ်ထားတဲ့နေရာ (Shelter)တွေကို သောက်သုံးရေ ပေးဝေလှူဒါန်းခြင်း၊ မုန်တိုင်းအန္တရာယ် ဆော်သြသတိပေးဆောင်ရွက်ခြင်း၊ မုန်တိုင်းအန္တရာယ်ကျရောက်ပါက အရေးပေါ်အသုံးပြုနိုင်တဲ့ အသက်ကယ်ပစ္စည်းတွေအကြောင်းနဲ့ အသုံးပြုပုံနည်းစနစ်တွေကို ရှင်းလင်းပြသခြင်းလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အကြိုဂုဏ်ပြုဆောင်းပါး

အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး

အောင်သူရ (သမဝါယမ)

၁၉၀၄ ခုနှစ် ဒီဇင်ဘာလတွင် သမဝါယမဦးစီးဌာန မေမြို့ (ပြင်ဦးလွင်) ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် မြင်းမူမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်း The First Agricultural Credit Cooperative Society ကို မှတ်ပုံတင်၍ အသင်းသား ၉၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြင့် မြန်မာ့သမဝါယမလှုပ်ရှားမှု စတင်ပေါ်ပေါက်ခဲ့သည်။ ခေတ်အဆက်ဆက် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာန၊ ဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ပြီး လမ်းညွှန်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၇-၆-၂၀၂၂ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ကာ ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေးပန်းတိုင်ဆီသို့ လျှောက်လှမ်းလာခဲ့ရာ နှစ်နှစ်တာခရီး ရောက်ရှိခဲ့ပြီဖြစ်သည်။

သမဝါယမအသင်းများ ကျစ်လျစ်ခိုင်မာရေး

သမဝါယမဦးစီးဌာနက ပြည်သူတို့၏ လူမှုစီးပွားအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan (၉) ရပ် ချမှတ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သမဝါယမအသင်းများဖွဲ့စည်းခြင်း (Organization)၊ စည်းရုံးပညာပေးခြင်း(Education)၊ တည့်မတ်ပြုပြင်ပေးခြင်း (Regulation) တို့ကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ သမဝါယမအသင်းများ ဖောင်းပွမှုမရှိဘဲ ကျစ်လျစ်ခိုင်မာစေရေးအတွက် ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၃ ခုနှစ် မေလအထိ အလုပ်မလုပ်သည့်/ စာရင်းရှင်းလင်းဖျက်သိမ်းသင့်သည့် သမဝါယမအသင်း ၉၈၃ သင်းကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများထဲမှ စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လိုသူများအား စည်းရုံးကာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၉၁၇ သင်းကို ပြုပြင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့အပြင် ထပ်မံ၍ မွေးမြူရေးလုပ်ငန်းတွင် အမှန်တကယ်လုပ်ကိုင်လိုသူများအား စည်းရုံးကာ မွေးမြူရေးနှင့် အထွေထွေ သမဝါယမအသင်းသစ် ၄၄ သင်း ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုသမဝါယမအသင်း ၂၆၈ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၂၆ သင်း၊ ကုန်သွယ်မှုသမဝါယမအသင်း ၆၂ သင်းကို ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင်ခဲ့ခြင်းကြောင့် စုစုပေါင်း အသင်းသစ် ၃၅၆ သင်း ဖွဲ့စည်းနိုင်ခဲ့၍ ယနေ့အထိ ၃၈၇၀၉ သင်း ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ကဏ္ဍအလိုက် ဖွဲ့စည်းမှုအနေဖြင့် ထုတ်လုပ်မှုသမဝါယမအသင်း ၃၁၉၉၀၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၆၀၄ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၁၅ သင်းဖြစ်သည်။

ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများတွင် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်၊ သွင်းအားစု၊ လုပ်အားခ၊ ထွန်ယက်ခအတွက် ဆီဖိုးလိုအပ်ချက်တို့ကို ကူညီထောက်ပံ့ပေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခြင်းဖြင့် သီးနှံများအထွက်တိုး၍ ကျေးလက်နေတောင်သူများ ဝင်ငွေပိုမိုတိုးမြှင့်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းကုန်ကြမ်းများဖြင့် သဘာဝမြေသြဇာများကို ထုတ်လုပ်နိုင်ရေးအတွက် နေပြည်တော်/ မန္တလေးမြို့တို့တွင် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာစက်ရုံ၊ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က ဗေဒါအားဖြည့်သဘာဝမြေသြဇာစက်ရုံ၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစုလီမိတက်က စွမ်းထက်အားဖြည့်သဘာဝမြေသြဇာစက်ရုံတို့ကို တည်ထောင်၍ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှတစ်ဆင့် အသင်းသားတောင်သူများကို ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဘတ်ဂျက်မှ ၅၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် စက်ကိရိယာ ၇၅ စီး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်မှ ၅၀ ရာခိုင်နှုန်း၊ ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် စက်ကိရိယာ ၄၄ စီး၊ အသင်း/ အသင်းသားပိုင်ငွေဖြင့် ဝယ်ယူသည့် ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီး၊ အခြားစက်ကိရိယာ ၆၄ စီးတို့ဖြင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများက အသင်းသားများစိုက်ပျိုးသောလယ်ယာမြေများအား ပြင်ပပေါက်ဈေးထက် သက်သာသော ရိတ်သိမ်း/ ထွန်ယက်ခနှုန်းထားများဖြင့် သီးနှံများ ရာသီချိန်မီစိုက်ပျိုးနိုင်ရေး လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အသင်းသားတောင်သူများ ဝင်ငွေတိုးတက်ရရှိ

တိုင်းဒေသကြီး/ ပြည်နယ် ခုနစ်ခု၊ မြို့နယ် ၂၅ ခု၊ ကျေးရွာ/ အသင်း ၇၂ သင်း၊ အသင်းသား ၃၂၇၇ ဦး စိုက်ပျိုးထားသော ၂၀၄၀၉ ဒသမ ၂၆ ဧကတွင် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အသင်းပိုင်ငွေ ကျပ် ၄၀၃၇ ဒသမ ၆၁၄ သန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သုံးခု၊ မြို့နယ် ၂၃ ခု၊ ကျေးရွာ/ အသင်း ၃၁၈ သင်း၊ အသင်းသား ၁၇၆၉၄ ဦး စိုက်ပျိုးထားသော ၁၂၈၃၆၇ ဧကတွင် ပဲတီစိမ်းစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အသင်းပိုင်ငွေကျပ် ၁၆၆၂ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့သည့်အတွက် တစ်ဧကသီးနှံအထွက်နှုန်းတိုးပြီး ကျေးလက်နေအသင်းသားတောင်သူများ ဝင်ငွေတိုးတက်ရရှိခဲ့၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ တိုင်းဒေသကြီး ၁၃ ခု၊ မြို့နယ် ၁၇၂ ခု၊ ကျေးရွာ/ အသင်း ၉၄၀၊ အသင်းသား ၂၈၀၆၆ ဦး စိုက်ပျိုးထားသော ၁၂၀၃၂၂ ဒသမ ၈၈ ဧကတို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂၄၃၂၃ ဒသမ ၈၀၈ သန်း ရယူ၍ မိုးစပါးစိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် (စနေနေ့)

"Cooperatives: partners for accelerated sustainable development"
"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"

သမဝါယမအသင်းပိုင် ငါးကန်များနှင့် အင်းများမှ ငါးများအား ပိုမိုမွေးမြူထုတ်လုပ်ရောင်းချနိုင်ရန်နှင့် ရေထွက်ကုန်လုပ်ငန်း ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်း ၁၃ သင်းအနေဖြင့် ပြည်တွင်း/ ပြည်ပသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသနွားမွေးမြူရေးလုပ်ငန်းများကို မွေးမြူလုပ်ကိုင်လျက်ရှိရာ ယနေ့အထိ နွားထီး ၃၈၈ ကောင်၊ နွားမ ၂၆၃ ကောင် စုစုပေါင်း ၆၅၁ ကောင်၊ နွားခြံတည်ဆောက်မှု ၃၈ ခြံ၊ နွားစာမြက်စိုက်ပျိုးမှု ရှစ်ဧကတို့ ဆောင်ရွက်ပြီးဖြစ်ပြီး နို့စားနွားများ ထပ်မံမွေးမြူရန် ဆောင်ရွက်လျက်ရှိသည်။ သမဝါယမအသင်းပိုင်ငွေကျပ် ၁၈၇၈၁ ဒသမ ၆၉၇ သန်းဖြင့် ကြက် ၂၀၉၉၂၉ ကောင်၊ ဝက် ၂၁၇၂၂၁ ကောင်၊ ဆိတ် ၁၀၅၀၁ ကောင်၊ နွား ၉၉၀၅ ကောင်၊ နွားနောက် ၃၀၁ ကောင်၊ ဘဲနှင့် ငါးတို့ကိုလည်း မွေးမြူဆောင်ရွက်လျက်ရှိသည်။

စုဆောင်းငွေများ တိုးမြှင့်လာစေရေး

ဝန်ဆောင်မှုသမဝါယမအသင်း ၃၆၀၄ သင်း ဖွဲ့စည်းထားရှိပြီး ဌာနဆိုင်ရာ၊ ဈေးနှင့် အသေးစား ငွေစုငွေချေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အသင်းသားများ၏အစုနှင့် စုဆောင်းငွေများ တိုးမြှင့်လာစေရေး စည်းရုံးခြင်း၊ အစုများတိုးမြှင့်နိုင်ခြင်းမရှိပါက စီးပွားရေးလုပ်ငန်းလုပ်ဆောင်ပြီး ရရှိလာသည့် အကျိုးအမြတ်အပေါ် အစုတိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းသားများ ငွေစုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းများ ရှိလာစေရေးကိုလည်း စည်းရုံးဆောင်ရွက်ပေးလျက်ရှိသည်။ အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံများထူထောင်

စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းများကလည်း ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ နို့ချက်စက်ရုံ၊ ရက်ကန်း၊ အထည်ချုပ်၊ ရေခဲစက် စသည်ဖြင့် သမဝါယမအသင်းပိုင် စက်ရုံ၊ အလုပ်ရုံများကို ထူထောင်ဆောင်ရွက်လျက်ရှိပြီး ထွက်ရှိသည့် ပစ္စည်းများကို ပြည်တွင်း/ ပြည်ပဈေးကွက်အသီးသီးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီး၏ ကူညီထောက်ပံ့ပေးမှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်တို့ဖြင့် ကချင်ပြည်နယ်တွင် ဆီစက်လေးလုံး၊ ပဲခူးတိုင်းဒေသကြီးတွင် ဆီစက်နှစ်လုံး၊ မကွေးတိုင်းဒေသကြီးတွင် ဆီစက်နှစ်လုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆီစက်နှစ်လုံး၊ နေပြည်တော်တွင် ဆီစက်တစ်လုံး စုစုပေါင်း ဆီစက် ၁၁ လုံးကို ထူထောင်ပေးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြုစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ရှမ်းပြည်နယ် မိုင်းယောင်းမြို့တွင် တန် ၃၀ ကျ ဆန်စက်တစ်လုံး၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တန် ၆၀ ကျ ဆန်စက်တစ်လုံး၊ နေပြည်တော်တွင် ရွှေဇေယျာသမဝါယမအသင်းပိုင် ဆန်စက်ကို ထူထောင်နိုင်ခဲ့ပြီး မန္တလေးမြို့တွင်လည်း နို့ချက်စက်ရုံကို ပြင်ဆင်မွမ်းမံလည်ပတ်စေလျက်ရှိသည်။

ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (One Region, One Product) အနေဖြင့် ကုန်ကြမ်းရရှိမှုနှင့် ငွေကြေးအရင်းအနှီးပေါ်မူတည်၍ ဝါးခမောက်၊ ရက်ကန်း၊ ဂျုံရိုးဦးထုပ်၊ ခြင်းတောင်း၊ တံမြက်စည်း၊ အိုး၊ သင်ဖြူးဖျာ၊ ပန်းပဲ၊ အိုးစည်နှင့် ယွန်းလုပ်ငန်း စသည်ဖြင့် လုပ်ငန်းများကို သမဝါယမအသင်းများ ဖွဲ့စည်း၍ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုသမဝါယမအသင်း ၃၁၁၅ သင်း ဖွဲ့စည်းထားရှိပြီး အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း၊ အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၊ ရောင်းဝယ်ရေးသမဝါယမအသင်း၊ အမှတ်တရပစ္စည်းများရောင်းချသည့် သမဝါယမအသင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းများက ပြည်တွင်း/ ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၈ သို့

✻ သမဝါယမအသင်းများ ဖောင်းပွမှုမရှိဘဲ ကျစ်လျစ်ခိုင်မာစေရေးအတွက် ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၃ ခုနှစ် မေလအထိ အလုပ်မလုပ်သည့်/ စာရင်းရှင်းလင်းဖျက်သိမ်းသင့်သည့် သမဝါယမအသင်း ၉၈၃ သင်းကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများထဲမှ စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လိုသူများအား စည်းရုံးကာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၉၁၇ သင်းကို ပြုပြင်ဖွဲ့စည်းနိုင်ခဲ့သည်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

စစ်တွေ ဇွန် ၂၆

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရခိုင်ပြည်နယ်ချေးငွေကြီးကြပ်ရေး တာဝန်ခံ၊ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးနှင့် ဒုတိယ အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးတို့သည် ဇွန် ၂၂ ရက်က ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မုန်တိုင်းဒဏ်သင့် ပြည်နယ်ဘဏ်ခွဲအပါအဝင် မြို့နယ် ခြောက်မြို့နယ်မှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ဆိုလာမီးအိမ်များ ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်စိုးနှင့် အဖွဲ့သည် ဇွန် ၁၅ ရက်မှစ၍ ဂွမြို့၊ သံတွဲမြို့၊ တောင်ကုတ်မြို့၊ ရမ်းဗြဲမြို့၊ ကျောက်ဖြူမြို့၊ အမ်းမြို့၊ မင်းပြားမြို့၊ ပေါက်တောမြို့၊ မြောက်ဦးမြို့၊ ကျောက်တော်မြို့၊ ပုဏ္ဏားကျွန်းမြို့၊ ရသေ့တောင်မြို့နှင့် စစ်တွေမြို့များရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများသို့ သွားရောက်ကာ ဝန်ထမ်းများအား ထောက်ပံ့ငွေများ၊ ဆိုလာမီးအိမ်များနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်ပြီး အားပေးစကားများ ပြောကြားကြသည်။

အလားတူ ဘဏ်ခွဲအဆောက်အအုံများ၊ ပရိဘောဂများ၊ ပစ္စည်းဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုကာ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး မှာကြားခဲ့ပြီး ဘဏ်ခွဲခုနစ်ရုံးမှ ဝန်ထမ်း ၈၄ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၈၄ သိန်း၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် ငွေကျပ်သိန်း ၂၀၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ် ၁၃၄ သိန်းနှင့် ဆိုလာမီးအိမ်များနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၆

စစ်ကိုင်းတိုင်း ဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။

မိုး/ဇလ

စာမျက်နှာ ၁၆ မှ

တပ်ခွဲတစ်ခွဲမှာကြိုးအနေနဲ့ ၁၄ ပေ၊ ပေ ၅၀၊ ၁၀၀၊ ၁၀၀ မီတာစတဲ့ ကြိုးအမျိုးအစားစုံ အရေအတွက်စုံနဲ့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကယ်ဆယ်ရေး ဆောင်ရွက်မယ့် မီးသတ်သမားတစ်ယောက်စီမှာ ၁၄ ပေ ကြိုးကိုယ်စီ ပါရှိရသလို လက်အိတ်၊ မျက်မှန်၊လက်နှိပ်ဓာတ်မီး၊ Life jacket၊ Carabiner ကွင်းစတဲ့ အနည်းဆုံးပစ္စည်း ၂၃ မျိုးကို အသုံးပြုဆောင်ရွက်ရတာဖြစ်ပါတယ်။

မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။

ဖြေ ။ ။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီအနေနဲ့ အခုလို ကူညီရှင်းလင်းရေး လုပ်ငန်းတွေကို မြန်မြန်ဆန်ဆန် လူအင်အား၊ စက်အင်အား ဖြည့်တင်းဆောင်ရွက်နိုင်ခြင်း၊ တပ်ဖွဲ့ဝင်တွေရဲ့ လုပ်ငန်းခွင် လိုအပ်ချက်တွေကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေက ဖြည့်ဆည်းပေးခဲ့သလို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကလည်း အချိန်နဲ့တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်း၊ သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း လိုအပ်တဲ့ အုပ်ချုပ်ထောက်ပံ့ကိစ္စရပ်တွေကို အချိန်နဲ့တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်း၊ တပ်ဖွဲ့ဝင်တွေ အင်အားပြည့် ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အစားအသောက်နဲ့ ဆေးဝါး၊ ဝတ်စုံတွေကို ပြည်ထဲရေးဝန်ကြီးဌာနကလည်း ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အတွက် အချိန်တိုအတွင်း အင်ပြည့်အားပြည့်ရှင်း လင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့တာဖြစ်လို့ ယခုရရှိခဲ့တဲ့ အတွေ့အကြုံအပေါ်မူတည်ပြီး လိုအပ်တဲ့ ယာဉ်/စက်၊ ပစ္စည်းကိရိယာများ ဖြည့်တင်းခြင်းနဲ့ တပ်ဖွဲ့ဝင်တွေ စွမ်းဆောင်ရည် အမြဲပြည့်ဝနေစေရေးကို စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ ။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ ဇွန် ၂၀ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသောအပျက်အစီးများကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

စာမျက်နှာ ၁၇ မှ

ရောင်းဝယ်ရေးသမဝါယမအသင်းများမှ အရောင်းဆိုင် ၃၀၃ ဆိုင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ လူသုံး၊ အိမ်သုံးပစ္စည်းများကို ပြည်သူများ ပစ္စည်းမှန်၊ ဈေးမှန် လွယ်လင့်တကူဝယ်ယူရရှိနိုင်ရေး သမဝါယမအရောင်းဆိုင်များကို အဆင့်မြှင့်တင်ပြီး ရောင်းအားကောင်းသောပစ္စည်းများ ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆန်စက်၊ ဆီစက် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ ခွဲဝေပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက် မတည်ငွေရယူပြီး မြစိမ်းရောင် (သမဝါယမ) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၀ ခု၊ မြို့နယ် ၅၁ ခု၊ ကျေးရွာ/ အသင်း ၂၀၁ သင်း၊ အသင်းသား ၁၁၁၉၁ ဦးသို့ ငွေကျပ် ၉၉၇၅ ဒသမ ၃ သန်းနှင့် ညီမျှသော မျိုး၊ သွင်းအားစု၊ တိရစ္ဆာန်အစာ၊ ကုန်ကြမ်းပစ္စည်း စသည်တို့ကို အသင်းသားများ၏ ဆန္ဒနှင့်အညီ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်မှ ထုတ်လုပ်၊ ဝန်ဆောင်၊ ကုန်သွယ် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုတို့ကို မျိုးစပါး၊ မြေဩဇာထောက်ပံ့ပေးခြင်း၊ Daedong စက်ကိရိယာ ၇၅ စီး ထောက်ပံ့ပေးခြင်းတို့အတွက် ငွေကျပ် ၇၉၄ ဒသမ ၇၅၂ သန်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် စက်ကိရိယာ ၄၄ စီးအတွက် ငွေကျပ် ၃၀၅ ဒသမ၇၆၄ သန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကုန်သွယ်သမဝါယမအသင်းအဆင့်မြှင့်တင်ခြင်းတို့အတွက် ငွေကျပ် ၂၀၇၀ ဒသမ ၉၅၂ သန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ စိတ်သစ်လူသစ်မူဝါဒသစ်များဖြင့် ရှာငံမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ကော်ဖီဝယ်ယူကြိတ်ခွဲရောင်းချသည့်အသင်းမှ အကျိုးအမြတ်ခွဲဝေပေးသည့် နမူနာကို စံပြု၍ ဖြစ်ပေါ်လာသည့် အကျိုးအမြတ်ငွေများကို ရာသီ/ အချိန်အလိုက် အသင်းသားများအား ထိထိရောက်ရောက် ခွဲဝေပေးခြင်း၊ အသင်း၏ရှယ်ယာများ တိုးမြှင့်ပေးခြင်း၊ အသင်း၏စီးပွားရေးလုပ်ငန်းတွင် ပြန်လည်သတ်မှတ်ထည့်ဝင်စေခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများဖွင့်လှစ်

သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများကို တောင်ကြီး၊ မန္တလေး၊ မကွေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့တွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။ သင်တန်းကာလ နှစ်နှစ်ဖြစ်၍ ထူးချွန်အောင်မြင်သူများကို သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်ကာ ဆက်လက်ပညာသင်ယူနိုင်စေပြီး သမဝါယမအသင်းများနှင့် ကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုသဘောတရားများ၊ အပြောင်းအလဲစီမံခန့်ခွဲမှု(Change Management) သဘောတရားများကို ဌာနဝန်ထမ်းများနှင့် အသင်းဝန်ထမ်းများ သိရှိလိုက်နာစေရန် ဆောင်ရွက်ပေးလျက်ရှိရာ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေတို့ဖြင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စုဆောင်းငွေအားပေး မြှင့်တင်ရေး စည်းရုံးလှုံ့ဆော်ခြင်းသင်တန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများကို လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ကိုယ်တိုင်လုပ်၊ ကိုယ်ကိုယ်တိုင်သိပြီး တောင်သူများသို့ အတွေ့အကြုံများမျှဝေပေးနိုင်ရန် ရုံးပတ်ဝန်းကျင်တွင် ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ စံပြစက်မှုလယ်ယာဖော်ထုတ်ဆောင်ရွက်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို စံနမူနာအဖြစ် စီမံဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဒေသထွက်ကုန်များအား ဝန်ထမ်းများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် MCRD (Coop Mart) ဖွင့်လှစ်၍ ရောင်းချဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့ထိပ်တန်းသမဝါယမအသင်း ၃၀၀ က ထုတ်လုပ်ဝန်ဆောင် ကုန်သွယ်ကဏ္ဍအလိုက် ဦးဆောင်၍ အောင်မြင်နေသော သမဝါယမအသင်းများမှာ ဂျပန်နိုင်ငံ Zen-Noh စိုက်ပျိုးရေးနှင့်စားရေရိက္ခာထုတ်လုပ်သော သမဝါယမအသင်း၊ စပိန်နိုင်ငံ Mondragon စက်မှုကုန်ထုတ်သမဝါယမအသင်း၊ ဂျာမနီနိုင်ငံ REWE Group ကုန်သွယ်မှုသမဝါယမအသင်း၊ ဂျပန်နိုင်ငံ Nippon Life အာမခံသမဝါယမအသင်း၊ ပြင်သစ်နိုင်ငံ Credit Agricole ငွေကြေးဝန်ဆောင်မှုသမဝါယမအသင်း၊ ဘရာဇီးနိုင်ငံ Sistema Unimet ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုသမဝါယမအသင်းနှင့် နော်ဝေနိုင်ငံ OBOS BBL အခြားဝန်ဆောင်သမဝါယမအသင်းများဖြစ်ကြသည်။

ယခုနှစ်ဆိုလျှင် ၁၀၁ နှစ် တိုင်ခဲ့ပြီ

ဗဟိုသမဝါယမအသင်းသည် ၇-၉-၁၉၉၃ ရက်နေ့၌ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်တွင် အသင်းဝင်အဖြစ်ပါဝင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ၁၉၂၃ ခုနှစ်မှစတင်၍ ကျင်းပဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၀၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ်စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ (ICA Day) အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၂၉) ကြိမ်ရှိခဲ့ပြီဖြစ်သည်။

သို့ပါ၍ မြန်မာ့သမဝါယမများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတို့ဖြင့် သမဝါယမဦးစီးဌာန၊ သမဝါယမအသင်းနှင့် အသင်းသားပြည်သူများက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဆောင်ပုဒ်ဖြစ်သော **“Cooperatives: partners for accelerated sustainable development” “အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး”** ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်မှုအခြေအနေများအား အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ (ကြာသပတေးနေ့) "အီဒုလ်အသွဟာ (ကုရ်ဘာနီအီးဒ်)"နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကော့ကရိတ်မြို့၊ သိမ်ဇရပ်မြို့အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူတစ်ဦးသေဆုံး၊ လေးဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံ PDF အကြမ်းဖက်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မရမ်းကုန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များ တာဝန်ပေးအပ်

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ မရမ်းကုန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၂၄ ရက်က မရမ်းကုန်းမြို့နယ်ရှိ Hotel Yangon ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဌာနမှ ဆရာမ ဒေါ်ခင်ယုအောင်က မရမ်းကုန်းမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဂုဏ်ပြုကဗျာ ဖတ်ကြားသည်။ ထို့နောက်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဖြိုးအောင်ဟိန်းတို့က အမှာစကား ပြောကြားကြပြီး ခရိုင်ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဇေယျာက ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုနှင့် တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့များသို့ မရမ်းကုန်းခရိုင်အဖွဲ့မှ ရန်ပုံငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍ ခရိုင်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့သို့ အလှူရှင်များက အလှူငွေများပေးအပ်ရာ ခရိုင်ဥက္ကဋ္ဌ ဦးမျိုးဇေယျာက လက်ခံယူသည်။ ထို့နောက် ဗဟိုဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ **ကိုကြီးတင်**

သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)၌ (၁၀၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

မော်လမြိုင် ဇွန် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)၌ (၁၀၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် " အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။ ပြိုင်ပွဲသို့ ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ ကရာတေးပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲနှင့် အိုလံပစ်နေ့ အထိမ်းအမှတ် ကရာတေးပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်က ပြုလုပ်သည့် နိုင်ငံတကာ ကရာတေးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် စခန်းသွင်းရွေးချယ်ပေးနိုင်ရေး လက်ရည်စစ်ပြိုင်ပွဲနှင့် အိုလံပစ်နေ့အထိမ်းအမှတ် ကရာတေး ပြိုင်ပွဲများကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ပွဲဝင်းရှိ ကရာတေးလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ပြိုင်ပွဲတွင် Cadet (အသက် ၁၄/၁၅) အမျိုးသမီး "ခတ" (တစ်ဦးချင်း) ပြိုင်ပွဲ၊ "ကုမိတဲ့" (-၄၂ကီလို၊-၄၇ ကီလို၊ +၄၇ ကီလို) ပြိုင်ပွဲများ၊ အမျိုးသား"ခတ" (တစ်ဦးချင်း)ပြိုင်ပွဲ၊ "ကုမိတဲ့" (-၄၈ကီလို၊-၅၂ကီလို၊-၅၇ကီလို၊+၅၇ကီလို) ပြိုင်ပွဲများ၊ Juinor (အသက် ၁၆/၁၇) အမျိုးသမီး "ခတ"(တစ်ဦးချင်း)ပြိုင်ပွဲ၊ "ကုမိတဲ့" (-၄၈ကီလို၊-၅၃ကီလို၊ +၅၃ကီလို)ပြိုင်ပွဲများ၊ အမျိုးသမီး "ခတ" (တစ်ဦးချင်း) ပြိုင်ပွဲ၊ "ကုမိတဲ့" (-၅၀ ကီလို၊-၅၅ကီလို၊-၆၁ကီလို၊ +၆၁ ကီလို) ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်မှ နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ ကြည့်ရှုအားပေးကြသည်။

"မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဝင်များက အလားအလာရှိသူတွေကို လက်ရည်စစ်ပွဲတစ်လျှောက် အကဲဖြတ်ရွေးချယ်ပြီး အဖွဲ့ချုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ ဇန်နဝါရီလဆန်းတုန်းက Senior တန်းပေါ့၊ သက်ကြီးတန်း လက်ရည်စစ်ပွဲလုပ်ပါတယ်။ အခု Olympic Day အထိမ်းအမှတ် Junior and Cadet သက်ငယ်တန်းနှင့် သက်လတ်တန်း လက်ရည်စစ်ပွဲလုပ်တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ကျော်မိုးက ပြောသည်။

ယင်းပြိုင်ပွဲသို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းများမှ ပြိုင်ပွဲဝင် အားကစားသမားအမျိုးသား ၆၁ ဦး၊ အမျိုးသမီး ၅၀ တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အာကာစိုး

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	- မြင့်စိုး
သတင်းထောက်မှူး	- ခင်ရတနာ
စာတည်းများ	- ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	- ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	- ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	- ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	- တင်စိုး
သုတေသန	- အိအိခင်နှင့် အဖွဲ့
စာပြင်	- အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	- (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၉၂၀ ကျပ်	၁၉၇၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၀၀၀ ကျပ်	၂၀၅၀ ကျပ်
အောက်တိန်း ၉၂	၁၉၄၅ ကျပ်	၁၉၉၅ ကျပ်
အောက်တိန်း ၉၅	၂၀၅၀ ကျပ်	၂၁၀၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၀၀၀	၈၀၀၀	၅၆	၄၄၃၀၀၀
MTSH	၂၉၀၀	၂၉၀၀	၆၉၆	၂၀၁၈၄၀၀
MCB	၇၂၀၀	၇၂၀၀	၁၈၂	၁၃၁၀၄၀၀
FPB	၁၅၀၀	၁၅၀၀	၄၁၀၅	၆၁၅၇၅၀၀
TMH	၂၄၀၀	၂၄၅၀	၁၅၄	၃၆၉၆၅၀
EFR	၂၅၀၀	၂၄၅၀	၄၁၇	၁၀၂၇၅၀၀
AHPC	၀	၀	၀	၀

ညီညီ - စုစည်းသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
သူနာပြုတက္ကသိုလ်၊ မန္တလေး
သူနာပြုဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၄) ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ မန္တလေး၌ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းများနှင့် သူနာပြုပါရဂူဘွဲ့လွန်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ သင်တန်းများ

(က) သူနာပြုပါရဂူဘွဲ့လွန်သင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	သူနာပြုပါရဂူဘွဲ့ Ph.D (Nursing)	၃ နှစ်

(ခ) သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	သူနာပြုမဟာသိပ္ပံ (လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Adult Health Nursing)	၂ နှစ်
(၂)	သူနာပြုမဟာသိပ္ပံ (မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Maternal Health Nursing)	၂ နှစ်
(၃)	သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Child Health Nursing)	၂ နှစ်
(၄)	သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Mental Health Nursing)	၂ နှစ်
(၅)	သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Community Health Nursing)	၂ နှစ်
(၆)	သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) Master of Nursing Science (Nursing Administration and Management)	၂ နှစ်
(၇)	သူနာပြုမဟာသိပ္ပံ (အရိုးအထူးပြုသူနာပြုစုမှုပညာ) Master of Nursing Science (Orthopaedic Nursing)	၂ နှစ်
(၈)	သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ) Master of Nursing Science (Critical Care Nursing)	၂ နှစ်
(၉)	သူနာပြုမဟာသိပ္ပံ (အထွေထွေ) Master of Nursing Science (General)	၂ နှစ်

၃။ လိုအပ်သောအရည်အချင်း

(က) သူနာပြုပါရဂူဘွဲ့သင်တန်း

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သူနာပြုမဟာသိပ္ပံဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၃) လက်ရှိနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံး လုပ်သက် (၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိရမည်။
(၅) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်)/(ပေါင်းကူး) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)ရရှိပြီးနောက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ သူနာပြုမဟာသိပ္ပံဘွဲ့ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) သင်တန်းတက်ရောက်ရန် လျှောက်ထားမည့်သူသည် လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ရှိသူ နိုင်ငံဝန်ထမ်းဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(၅) သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြရမည်။

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊
(ခ) အဘအမည်
(ဂ) အစိုးရဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့်အမှုထမ်းသက်
(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊ (အသက်ထောက်ခံစာတင်ပြရမည်။)
(င) သနသ(လ)အမှတ်- ( )ရက်စွဲ၊
(စ) ပညာအရည်အချင်း၊
(ဆ) တက်ရောက်လိုသည့်သင်တန်း (တိကျစွာဖော်ပြရန်)
(ဇ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊ (ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက ဌာနဆိုင်ရာ ထောက်ခံစာနှင့်အတူ တစ်ပါတည်း တင်ပြရမည်။)
(ဈ) ပြည်တွင်း/ ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိဖော်ပြရန်
(ည) သူနာပြုမဟာသိပ္ပံသင်တန်းများသို့ လျှောက်ထားပါက အထူးပြုသူနာပြုဒီပလိုမာသင်တန်း (သို့မဟုတ်) ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ခဲ့ဖူးပါက တက်ရောက်ခဲ့သည့်ရက်/ လ/ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရခဲ့ခြင်းရှိ/မရှိဖော်ပြရန်၊

၅။ သူနာပြုတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၂၈၇၆ သို့ ဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းထားသည့် ချလံမူရင်း(၁)စောင်၊

(မှတ်ချက်။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့ရှိ သူနာပြုတက္ကသိုလ်၊ မန္တလေး၏ ငွေစာရင်းအမှတ် MD-၀၁၂၈၇၆ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၆။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဌာနဆိုင်ရာသို့ တင်ပြနိုင်ရန်အလို့ငှာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ကြိုတင်လျှောက်လွှာ မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ သူနာပြုတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၈။ လျှောက်လွှာပိတ်မည့်ရက် (၄-၈-၂၀၂၄)ရက် (စနေနေ့) ဖြစ်ပါသည်။

၉။ ဝင်ခွင့်ရွေးချယ်မှုစစ်ဆေးမည့်ရက်နှင့် သင်တန်းဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်ပြည့်နှစ်ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နှင့် မေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်ခရင်းကိုထုတ်ပေးမည်။

၁၀။ သင်တန်းကို တက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၁။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုလုပ်ပြီးစေ)မပြုလုပ်သည်ဖြစ်စေ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကျပ်ကို ပေးလျော်ရမည်ဖြစ်သည်။

၁၂။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သူနာပြုတက္ကသိုလ်၊ မန္တလေး၊ ကျောင်းသားရေးရာဌာနရှိ ဖုန်းနံပါတ်၊ ၀၂-၈၀၄၀၅၊ လိုင်းခွဲ(၄၄၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ မန္တလေး၏ Website: www.uonmdy.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သူနာပြုတက္ကသိုလ်-မန္တလေး

တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင်၊ ကလေးမြို့၊ နတ်ချောင်းအုပ်စု၊ ဟားခါးလေးကျေးရွာနေ မောင်ထောင်ထဆန်း(ခ)မောင်ထာထာဆန်းမှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးခရစ်မတ်ထန် ၅/ကလထ(နိုင်)၁၁၉၄၆ ဖြစ်ပါကြောင်း။

ဦးခရစ်မတ်ထန်၊
မောင်ထောင်ထဆန်း(ခ)
မောင်ထာထာဆန်း

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပုရိုလမ်းနေ ဦးကျော်စိုးလွင် ၁၂/တကန(နိုင်)၀၈၀၄၆၄၊ ဒေါ်နီနီဝင်း ၁၂/တကန(နိုင်)၂၃၂ ၁၃၂၅တို့၏သမီး သန်းခေါင်စာရင်းအရ မဝင့်ရည်စိုးမှ မဝင့်ရွှေရည်စိုးသို့ ပြောင်းလဲခေါ်ဆိုပါရန်။

မဝင့်ရွှေရည်စိုး

